မြကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-5-2007) (၅၁၁၉)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# Air Bagan Ltd. နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

# ပြည်ပခရီးစဉ် ပျံသန်းပြေးဆွဲခြင်းကြောင့် နိုင်ငံခြားသားခရီးသည်များ ယခင်ထက် များစွာဝင်ရောက်လာနိုင်

ရန်ကုန် မေ ၁၅

**Air Bagan Ltd. ၏ နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ Air Bagan Ltd. ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့လေကြောင်း ခရီးစဉ်များတွင် လေကြောင်းလိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်မှုများကြောင့် မြန်မာ့လေကြောင်းအပါအဝင် ပြည်တွင်းလေကြောင်းလိုင်း လေးလိုင်းအထိ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ ပြည်တွင်းပျံသန်းနေသော အဲပုဂံလေကြောင်းလိုင်းသည် နှစ်နှစ်ခွဲသားအရွယ်တွင် ဒေသတွင်းပျံသန်းနိုင်သည့်အတွက် နိုင်ငံတော်ကိုယ်စား ဝမ်းသာဂုဏ်ယူမိပါကြောင်း။

အဲပုဂံလေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းခရီးစဉ်များတွင်လည်း ဒေသ ၁၇ ခုကို ပျံသန်းပြေးဆွဲပေးသည့်အတွက် မိမိတို့ ပို့ဆောင်ရေးကဏ္ဍအား တစ်စိတ်တစ်ပိုင်း ပိုမိုမြင့်မားလာခဲ့ခြင်းကြောင့် ပြည်တွင်း ပြည်ပ ခရီးသည်များ ဒေသအနှံ့သို့ လွယ်ကူစွာ သွားလာနိုင်ခဲ့ကြောင်း၊ ယခုအခါ ပြည်ပခရီးစဉ်များပါ ပျံသန်းပြေးဆွဲလာခြင်းကြောင့် မိမိတို့နိုင်ငံသို့ နိုင်ငံခြားသားခရီးသည်များ ယခင်ကထက် များစွာဝင်ရောက်လာနိုင်ပြီး နိုင်ငံတော်အတွက် ခရီးသွားလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

အဲပုဂံလေကြောင်းလိုင်းသည် ဒေသတွင်းပျံသန်းရာမှ အပြည်ပြည်ဆိုင်ရာ လေကြောင်းလောကကို ဝင်ရောက်ပြီး အခြားလေကြောင်းလိုင်းကြီးများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် Air Bagan Ltd.ဥက္ကဋ္ဌ ဦးတေဇတို့ Air Bagan Ltd.၏ နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)



**Air Bagan Ltd. ၏ ပထမဆုံး နိုင်ငံတကာ ခရီးစဉ်အဖြစ် Airbus A310-200လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်သို့ စတင်ပြေးဆွဲခြင်းကို တက်ရောက်လာကြသည့် ဧည့်သည်တော်များ ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၆-၅-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

## ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးဖော်ထုတ် ပညာရပ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု အခြေခံကောင်းများအပြင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်နေရန် လိုအပ်သည်။

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်ကို ချမှတ်ထားသည်။ အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သော ပညာရေးစနစ်တစ်ရပ် ထွန်းကားလာရန် အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ပြည့်ထောင်စုတစ်ဝန်း၌ ညီမျှစွာရရှိစေရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုများဖြစ်သော ဆရာ၊ ဆရာမများကိုလည်း အသိအမြင်၊ အတွေးအခေါ်နှင့် ခွန်အားသစ်၊ စွမ်းအားသစ်များ ပိုမိုတိုးပွားခိုင်ခံ့စေရန် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ယနေ့လူငယ်များ၏ အနာဂတ်သည် ပညာရေးကဏ္ဍ၏ ပြုစုပျိုးထောင်ပေးမှုအပေါ်တွင် မူတည်နေသည်ဖြစ်ရာ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူလူငယ်များအား ပညာရည်ပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေး စေတနာထား လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်သည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့ကို ဖော်ထုတ်ပြီး ပညာရပ်အလိုက် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်လာစေရန် အားထုတ်သွန်သင် ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပညာရေးကဏ္ဍ၌ ခေတ်မီသင်ကြားမှု သင်ယူမှု နည်းပညာသစ်များနှင့် အီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများကို အသုံးပြုသင်ကြားပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများက နိုင်ငံ့ဝန်ထမ်းတို့၏ အခြေခံအရည်အသွေးများနှင့်အညီ ကျောင်းသား၊ ကျောင်းသူများအား ကြိုးပမ်းလေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းသမီးမွန်များ ဆက်လက်ပေါ်ထွန်းနေမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လားရှိုး-သိန္နီ-ကွမ်းလုံ သဲတောင်မြို့ရှောင်ကွင်းလမ်းနှင့် သံလွင်ရေအားလျှပ်စစ်စီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်သည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် လားရှိုး-သိန္နီ-ကွမ်းလုံ မိုင်တိုင်(၃၁/၁) သဲတောင်မြို့ရှောင်ကွင်းလမ်း တည်ဆောက်ရေးစီမံကိန်း ယာယီစခန်းမဆောင်သို့ ရောက်ရှိသည်။**

အခမ်းအနားတွင် ကွမ်းလုံပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ ဦးသက်ခိုင်ဦးက တစ်ကြောင်းထိုး ကားလမ်းပြီးစီးမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ဖြည့်ဆည်းမှာကြား

ထို့နောက် တိုင်းမှူးသည် လမ်းတစ်လျှောက် လမ်းကြွဲခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းလုံမြို့ သံလွင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်က မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

### အခမ်းအနားတက်ရောက်

ယင်းနောက် မေ ၈ ရက် မွန်းလွဲ ၁နာရီတွင် တိုင်းမှူးသည် လားရှိုးမြို့ မြို့တော်ခန်းမတွင် ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျန်းမာရေးမှူးနှင့် မှုခင်းအသိပညာပေး ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဦးလှမြင့်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟိုင်ခွဲ ရွှေဟင်္သာလမ်းနေ ဒေါ်မြင့်မြင့်နှင့် သားသမီးမြေးမြစ်တစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## အဘိဓမ္မာပြန့်ပွားရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက် (ဇွန် ၁၀ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ် ၄၉/၅၁ ရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

### နှိုးဆော်ထား

အသင်းသား၊ အသင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

**ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမ မင်းကွန်းဓမ္မရောင်ခြည်စာသင်တိုက် နှစ်ထပ်ဆွမ်းစားဆောင်အတွက် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ အောင်မြေသာယာလမ်းနေ ဦးသက်ဆွေ မိသားစုက ဒေါ်သန်းသန်း(ခ) ဒေါ်ရွှေကြာအားရည်စူး၍ ဆရာတော် ဘဒ္ဒန္တ အတုလ (သာသနဓဇဓမ္မာစရိယ ဝိနယဓရ ဝိနယဥဘတော ဝိဘင်္ဂကောဝိဒ)ထံ ငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။** (၅၃၂)



## လှူဒါန်း

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရွှေလောင်းလမ်းနေ ကွယ်လွန်သူဖခင် ဦးအောင်တင်၊ မိခင်ဒေါ်မြင့်အား ရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးတစ်စုတို့က အထွေထွေငွေပဒေသာပင် ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် တောင်ဥက္ကလာပ (၆)ရပ်ကွက် သုမင်္ဂလာလမ်းနေ နှစ်ဖက်သောမိဘများနှင့် ဦးလှခေါင်အားရည်စူး၍ ဓမ္မမိခင်ကြီး ဒေါ်လေး ဒေါ်ခင်သိန်းကို အမှူးထား၍ ဒေါ်ခင်စောနှင့် သားသမီးများက ငွေကျပ် ၅၀၀၀၀ နှင့် FEC ၁၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)






## ပေးအပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၃)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်းနေ ဦးထွန်းလွင်-ဒေါ်ခင်စောဝင်းမိသားစုက ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

# ပဲခူးတိုင်း ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် အသိပေးရှင်းလင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၅

**ပဲခူးတိုင်း ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် အသိပေးရှင်းလင်းပွဲ အခမ်းအနားကို မေ ၁၁ ရက်တွင် တောင်ငူမြို့ ကေတုရတနာ ခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က ပဲခူးတိုင်းအတွင်း ဆောင်ရွက်မည့် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများနှင့် ပတ်သက်သည့် စီမံချက်လုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးရန် လိုအပ်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပဲခူးတိုင်းအတွင်း ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် အရ မေ ၁၄ ရက်မှ ၂၇ ရက်အထိ အသက်(၉)လမှ(၅)နှစ် အထိ ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံသွားမည်ဖြစ်သည်။





ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပသော ပဲခူးတိုင်းနှင့် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၏ စီမံကိန်းရည်မှန်းချက်များ အကောင် အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်း နှင့် အဖွဲ့ဝင်များ၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီ ခရိုင်နှင့် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များကသက်ဆိုင်ရာခရိုင်အလိုက် ၂၀၀၆–၂၀၀၇ခုနှစ် နွေစပါး ရိတ်သိမ်းပြီးစီးမှု၊ ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါး မြေ အတန်းအစားအလိုက် စိုက်ပျိုးရန်လျာထားမှု၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ နှစ်ရှည်ပင် ရော်ဘာစိုက်ပျိုး ပြီးစီးမှု၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းအဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြ ကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင် ရွက်ကြရေးမှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပဲခူးတိုင်းအနေဖြင့် ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း မိုးစပါး ရေတော်မိုးတော် စိုက်ဧကသိန်း ၂၀ အပါအဝင် ဧကသိန်း ၃၀ စိုက်ပျိုးနိုင်ရေး လျာထားအကောင်အထည်ဖော် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမှာစကား ပြောကြား

**ပဲခူးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင် ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်း ဝက်သက် ရောဂါကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည် ဖော်ရေး စီမံချက်အသိပေးရှင်းလင်းပွဲ တွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)





# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်း ရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သန့်ရှင်းသာယာလှပ၍ ရေစီးရေလာကောင်းမွန်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော ဗိုလ်တထောင်မြို့နယ်ရှိ ကုန်သေတ္တာသိုလှောင်ရုံအနီး ကမ်းနားလမ်းသို့ နံနက် ၇နာရီတွင်ရောက်ရှိ လာရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက စန္ဒကူးလမ်း မြစ်ထွက်ပေါက် ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် နုန်းများ၊ အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုနှင့် ရန်ကုန်မြို့ရှိ မြစ်ထွက်ပေါက် ရေနုတ်ရေမြောင်းများ၊ ချောင်းများ ရေစီးရေလာကောင်းမွန်စေ ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ရန်ကုန်ဘူတာကြီးအရှေ့၌ မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် မြေအောက်ရေနုတ်မြောင်း ရေစီးဆင်းမှု၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း(လင့်ခ်လမ်း)ရှိ ရေနုတ် မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် နုန်းများ၊ အမှိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ တောင်ဥက္ကလာပမြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် ကျိုက္ကဆံချောင်းရေစီးဆင်းမှုနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားဖြင့် နုန်းများ တူးဖော်ဆယ်ယူနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်း လျက်ရှိသည့်အတွက် ချောင်းများ၊ မြောင်းများ ရေစီးဆင်းမှုကောင်းမွန်စေရန်နှင့် ပိတ်ဆို့မှုများ မဖြစ်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

## ကြည့်ရှု စစ်ဆေး

**မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင် သိန်းလင်း တောင်ဥက္ကလာပမြို့နယ် ကျိုက္ကဆံချောင်း ရေစီးရေလာ ကောင်းမွန်စေရန် စက်ယန္တရားဖြင့် နုန်းများ ဆယ်ယူနေမှုအခြေအနေ ကို ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့တော်စည်ပင်)

# ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက်လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၁၅

၂၀၀၇–၂၀၀၈ ခုနှစ် ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင်ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေး ပညာ ဒီပလိုမာသင်တန်းများ၊ မဟာသိပ္ပံသင်တန်းများ၊ပါရဂူ ဘွဲ့သင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံသင်တန်း များနှင့် ဆေးဝါးမဟာသိပ္ပံသင်တန်းဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူ ထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၀၇ ခုနှစ် ဇူလိုင် ၃၁ရက် နောက်ဆုံးပေးပို့လျှောက် ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဆေးသိပ္ပံပညာ ဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၅၄)ကြိမ်မြောက် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များအား တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မေ ၁၅

(၅၄)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအား မေ ၂၆ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန် အသင်းအဆောက်အအုံ (အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေး ကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# မင်းတပ်မြို့ မိုးရေချိန် စံချိန်သစ်တင်

နေပြည်တော် မေ ၁၅

**ယနေ့မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲအချိန်တွင် မင်းတပ်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၅၁မီလီမီတာ (၅ဒသမ၉၄လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၃နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ မီလီမီတာ ၁၄၀ (၅ ဒသမ ၅၁ လက်မ) ဖြစ်ပြီး ၂၀၀၄ ခုနှစ် မေလ ၂၀ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။**

(သတင်းစဉ်)



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ် ဇန်ဖန်အရပ်ရှိ ရွှေတူးဖော်ရေးစက်ရုံတစ်ရုံကို မေ ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

## ဂျပန်ကုမ္ပဏီသို့ သဘာဝဓာတ်ငွေ့ရည် မလေးရှားရောင်းချမည်

**ကွာလာလမ်ပူ မေ ၁၄**

ဂျပန်နိုင်ငံရှိ ရှီကိုကူးလျှပ်စစ်ဓာတ်အားကုမ္ပဏီသို့ သဘာဝဓာတ်ငွေ့ရည်(အယ်လ်အင်န်ဂျီ)နှစ်စဉ် တန်ချိန် ၄၂၀၀၀၀ ရောင်းချရန် မလေးရှားနိုင်ငံပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော ပီထရိုးနက်စ်က သဘောတူညီကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက မေ ၁၂ ရက်က ရေးသားဖော်ပြထားသည်။

ရှီကိုကူးလျှပ်စစ်ဓာတ်အားကုမ္ပဏီသည် ဂျပန်နိုင်ငံတွင် အဋ္ဌမအကြီးဆုံး ဓာတ်အားကုမ္ပဏီဖြစ်ကြောင်း၊ ငါးနှစ်သက်တမ်းရှိ သဘောတူစာချုပ်အရ ဂျပန်ကုမ္ပဏီသည် ၂၀၁၀ ပြည့်နှစ် ဧပြီ ၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့ရည် သုံးစွဲသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပီထရိုးနက်စ်ကုမ္ပဏီ၏ သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်ရေးစက်ရုံမှာ မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် ဘင်တူလူမြို့တွင် တည်ရှိသည်။ ရှီကိုကူးကုမ္ပဏီသည် ဂျပန်နိုင်ငံ ဆာကိုင်ဒီမြို့တွင် သဘာဝဓာတ်ငွေ့ရည်ကို ပီထရိုးနက်စ်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သော ဓာတ်ငွေ့ရည်တင် သင်္ဘောများဖြင့် ပို့ပေးမည်ဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## အိန္ဒိယ တောင်ပိုင်း၌ အပူရှိန်ပြင်း ၃၆ ဦး သေဆုံး

**ဟိုက်ဒရာဘတ်(အိန္ဒိယ) မေ ၁၄**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ချစ်ချစ်တောက်ပူပြင်းသဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၃၆ ဦး သေဆုံးခဲ့ရာ အများစုမှာ သက်ကြီးရွယ်အိုများနှင့် ခိုကိုးရာမဲ့သူများ ဖြစ်ကြကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

**စံချိန်တင်**

ယင်းဒေသရှိ အချို့သောနေရာများတွင် နေ့ဘက်တွင် အပူချိန်သည် ၄၄ ဒီဂရီ ဆဲလ်စီးယပ်စ် (၁၁၁ ဒီဂရီဖာရင်ဟိုက်) အထိရှိပြီး အရှေ့မြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်းရှိရာ ကိုသာဂူဒင်မြို့တွင် အပူချိန်သည် ၄၈ ဒီဂရီ ဆဲလ်စီးယပ်စ် (၁၁၈ ဒီဂရီဖာရင်ဟိုက် )အထိ စံချိန်တင် ရောက်ရှိနေသည်။

***အမ်အင်အေ၊ ရိုက်တာ။***

## မှောင်ခိုတင်သွင်းလာသည့်အသားများ မလေးရှားတွင် သိမ်းဆည်းရမိ

**ကွာလာလမ်ပူ မေ ၁၄**

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်တွင် မှောင်ခိုသွင်းလာသည့် တန်ချိန် ၃၈ တန်နီးပါးရှိ အမဲသားနှင့် ကြက်တောင်ပံတို့ကို အာဏာပိုင်များက သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာ သတင်းစာက မေ ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

ပြည်သူများ၏ သတင်းပေးချက်အရ လွန်ခဲ့သည့် ရက်အနည်းက မီရီမြို့ရှိ အအေးခန်း အဆောက်အအုံသုံးခုတွင် တိရစ္ဆာန်အသားများကို သိမ်းဆည်းရမိခဲ့သည်။

နွားရူးရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်ကာကွယ်နိုင်ရန် မလေးရှား အာဏာပိုင်များက အသား၊ ငါး မှောင်ခိုမှုကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း စတားသတင်းစာက ဖော်ပြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## ရုရှားနှင့် တာ့မင်နစ္စတန် ပူးပေါင်း ဆောင်ရွက်မည်

**အယ်လ်မာတီ မေ ၁၄**

ရုရှားနှင့် တာ့မင်နစ္စတန်နိုင်ငံတို့၏ နိုင်ငံရေး ဆွေးနွေးမှု ခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်သမ္မတ ဘာဒီမူကာမီဒေါ့ဗ်နှင့် သမ္မတ ပူတင်တို့ တာ့မင်နစ္စတန်၏ မြို့တော် အက်ရှ်ဂါဘက်တွင် သောကြာနေ့က ကတိကဝတ်ပြုကြကြောင်း အယ်လ်မာတီသို့ ရောက်ရှိလာသည့် သတင်းများအရ သိရှိရသည်။

နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဓိက ပြဿနာများနှင့် ပတ်သက်၍ နှစ်နိုင်ငံတို့ သဘောထားချင်း တူညီကြပြီး ဆွေးနွေးပွဲအပြီး နှစ်နိုင်ငံခေါင်းဆောင်များက ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာသည်ဟု အင်တာဖက်သတင်းဌာနက ဖော်ပြသည်။

**ဖော်ပြထား**

နှစ်နိုင်ငံ ပုံမှန်အဆင့်မြင့် ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံခြားရေး မူဝါဒတွင် ပူးပေါင်းဆောင်ရွက်ကာ ဒေသဆိုင်ရာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်မည်ဟု ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံတကာ အကြမ်းဖက်တိုက်ခိုက်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် စနစ်တကျ ဖွဲ့စည်းထားသည့် ပြစ်မှုများ တိုက်ဖျက်ရန်အတွက် နှစ်နိုင်ငံ အတိုင်းအတာ သို့တည်းမဟုတ် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီး၏ မူဘောင်အပေါ် ရပ်တည်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကြေညာချက်အရ သိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## ကျားကိုက်ခံရ၍ အမျိုးသမီးတစ်ဦး သေဆုံး

**ဗန်ကိုဗာ(ဗြိတိန်ကိုလံဘီယာ) မေ ၁၄**

ကနေဒါနိုင်ငံ အနောက်ပိုင်းတွင် ပြပွဲနှင့် ရုပ်ရှင်ရိုက်ကူးရာ၌ အသုံးပြုနိုင်ရန် မွေးမြူထားသည့် တိရစ္ဆာန် မွေးမြူရေးခြံတစ်ခြံ အမျိုးသမီးတစ်ဦးသည် ကျားကို ကျီစယ်ရာမှ ဒဏ်ရာရရှိကာ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က မေ ၁၁ ရက်က ပြောကြားသည်။

အသက် ၃၂ နှစ်ရှိ ကျားကိုက်ခံရသည့် အမျိုးသမီးသည် ကျားပိုင်ရှင်၏ သူငယ်ချင်းဖြစ်ကြောင်း၊ မေ ၁၀ရက်က လှောင်အိမ်အတွင်းမှ ကျားကို ကျီစယ်နေရင်း ၎င်း၏ခြေထောက်ကို ကျားက လှမ်းဆွဲကုတ်ဖဲ့ခဲ့ကြောင်း ရဲဌာနနှင့် ဒေသတွင်း သတင်းမီဒီယာများက ပြောကြားသည်။

အဆိုပါ အမျိုးသမီးသည်သွေးထွက်လွန်ကာ ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

***အမ်အင်အေ၊ ရိုက်တာ။***

## ကိုလံဘီယာရှိ အထည်စက်ရုံတွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

**ဘိုဂိုတာ မေ ၁၄**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ အဝတ်အထည် ထုတ်လုပ်သည့် စက်ရုံတစ်ရုံတွင် အဆိပ်ငွေ့ ရှူရှိုက်မိသဖြင့် အလုပ်သမား ၁၁၂ဦး စနေနေ့က ဆေးရုံတင်ရကြောင်း ဒေသခံ မီဒီယာသတင်းအရ သိရသည်။

လာအက်စထရယ်လာမြို့မှ အဝတ်အထည် ထုတ်လုပ်သည့်စက်ရုံမှ အလုပ်သမားများသည် စနေနေ့ နံနက်ပိုင်းတွင် မူးဝေ၊ ခေါင်းကိုက်ပြီး ပျို့အန်သည့် ဝေဒနာခံစားကြရသည်။ စုစုပေါင်း အလုပ်သမား ၁၁၂ ဦးကို ဆေးရုံတင်ထားပြီး ယင်းဖြစ်ရပ်ကြောင့် သေဆုံးသူမရှိဟု သိရသည်။

စက်ရုံ၏ လေဝင်ပေါက်များမှ တစ်ဆင့် ပိုက်များဆီသို့ ဓာတ်ငွေ့ယိုစိမ့်ခဲ့သည်ဟု ဒေသခံ မီဒီယာက ပြောကြားသည်။ သို့ရာတွင် မည်သည့် ဓာတ်ငွေ့မှန်းမသိရသေးဟု မီဒီယာသတင်းဌာနက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဗြိတိန်ရေတပ်အတွက် တည်ဆောက်ထားပြီး မကြာမီရေချတော့မည့် အက်စ်တူတီ အဏုမြူ ရေငုပ်သင်္ဘောပုံပန်းချီကားကို မေ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဗီယက်နမ်သို့ ပို့လွှတ်မည့် ဓာတ်အားလိုင်းသစ် တရုတ်တည်ဆောက်ပြီးစီး

**ကူမင်း မေ ၁၄**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဝန်ရှန်ဒေသမှ ဗီယက်နမ်နိုင်ငံ ဟာဂိုင်ဒေသသို့ ပို့လွှတ်မည့်ဓာတ်အားအတွက် ဓာတ်အားလိုင်းအသစ်ကို တည်ဆောက်နေကြောင်း ယူနန်ဓာတ်အားအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအကြား ၂၂၀ ကီလိုဗို့အားလိုင်း တည်ဆောက်မှုမှာ ဒုတိယအကြိမ်ဖြစ်သည်။ ပထမအကြိမ် တည်ဆောက်ခဲ့သည့် ၂၂၀ ကီလိုဗို့ ဓာတ်အားလိုင်းမှာ ဗီယက်နမ်နိုင်ငံ လာအိုကိုင်ဒေသနှင့် ယူနန်ပြည်နယ် ဟွန်ဂျီဒေသအကြား သွယ်တန်းထားသည်။

တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားနာရီကီလိုဝပ် တစ်ဘီလီယံပေးပို့မည်ဖြစ်သော်လည်း ဓာတ်အားစတင်ထုတ်လွှတ်သည့် ပထမနှစ်ကာလတွင် ဓာတ်အားနာရီကီလိုဝပ် သန်း ၇၀၀ခန့် သာထုတ်လွှတ်ပေးမည်ဖြစ်ကြောင်း ယူနန်ဓာတ်အားအဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ပြင်သစ်နိုင်ငံ ပါရီမြို့ မီလျူဗီရာဒတ် တံတားပေါ်တွင် ဗီရာဒတ် အပြေးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများကို မေ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယဓာတ်ငွေ့လုပ်ငန်း ရင်းနှီးမြှုပ်နှံမှု တိုးချဲ့မည်

**နယူးဒေလီ မေ ၁၄**

အိန္ဒိယနိုင်ငံအတွက် ရေနံပိုက်လိုင်းချခြင်းနှင့် ရေနံဓာတုဗေဒလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့အတွက် အိန္ဒိယဓာတ်ငွေ့လုပ်ငန်း အာဏာပိုင်အဖွဲ့(ဂေးလ်)သည် လာမည့် ငါးနှစ်အတွင်း ရူပီးဘီလီယံ ၂၅၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သတင်းများကဖော်ပြသည်။

နိုင်ငံပိုင် အိန္ဒိယဓာတ်ငွေ့လုပ်ငန်း အာဏာပိုင်အဖွဲ့သည် လိုအပ်နေသော ရင်းနှီးငွေရရှိရန်အတွက် အစုရှယ်ယာများကို ရောင်းချသော နည်းလမ်းဖြင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

လိုအပ်သော ရင်းနှီးငွေများအနက် ရူပီးဘီလီယံ ၁၀၀ ကို ကုမ္ပဏီပိုင် ရန်ပုံငွေမှ ကျခံမည်ဖြစ်ပြီး ကျန်ရင်းနှီးငွေ ရူပီးဘီလီယံ ၁၅၀ကို ပြည်တွင်း၊ ပြည်ပငွေကြေး ဈေးကွက်များမှရယူသွားမည်ဖြစ်ကြောင်း ဂေးလ်လုပ်ငန်း၏ ဘဏ္ဍာရေး ညွှန်ကြားရေးမှူး အာရ်ကေဂိုးလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ရူပီး ၂၀ ဒသမ ၇၄ဘီလီယံ ရင်းနှီးမြှုပ်နှံရန်ရှိသည့်အနက် ရူပီး ၁၀ ဒသမ ၇၆ ဘီလီယံကို ဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းအတွက် သုံးစွဲမည်ဖြစ်ပြီး ရေနံဓာတုဗေဒလုပ်ငန်းအတွက် ရူပီး ၁ ဒသမ ၄၆ ဘီလီယံသုံးစွဲကာ ရူပီးငါးဘီလီယံကို ရေနံနှင့် ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းတွင် သုံးစွဲသွားမည် ဖြစ်သည်။ ထို့အပြင် ရူပီး ၂ ဒသမ ၆၈ ဘီလီယံကို လုပ်ငန်းစီမံကိန်းသစ်များ ချဲ့ထွင်ရန် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ပီတီအိုင်။***



**ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောအတွင်း ရှာဖွေတွေ့ရှိရသော ပိတုန်းငှက်ငယ် မျိုးစိတ်အသစ်ကို မေ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်အရှေ့တောင်ပိုင်းတွင် ဥမင်ရထားလမ်း ဖောက်လုပ်

**ဖူကျို့ မေ ၁၄**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန့်ပြည်နယ်တွင် ကျည်ဆန်ရထားသစ် ပြေးဆွဲရေးအတွက် အရှည် ၁၀ကီလိုမီတာရှိ ဥမင်ရထားလမ်း ဖောက်လုပ်လျက်ရှိကြောင်း၊ ယင်းဥမင်လမ်းကို ၂၀၀၈ ခုနှစ်တွင် စတင်အသုံးပြုမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

**ဖြတ်သန်း**

အဆိုပါ ဥမင်ရထားလမ်းသည် လန်ကျွမ်းစီရင်စုရှိ ကျီမင်တောင်အောက်ခြေကို ဖြတ်သန်းဖောက်လုပ်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအတွင်းရှိ ဥမင်ရထားလမ်း ၅၃ ခုတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ အရှေ့ပိုင်း ဇီကျန်ပြည်နယ် ဝမ်ဇူဆိပ်ကမ်းမြို့နှင့် မြို့တော်ဖူကျန်၊ ဖူဇိုဒေသတို့ကို ဆက်သွယ်ဖောက်လုပ်သည့် ရထားလမ်းပိုင်းသည် ပြီးစီးလုနီးပြီဖြစ်ကြောင်း အမှတ် ၁၂ တရုတ်နိုင်ငံ ရထားလမ်းဖောက်လုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဇန်ဇွန်ယန်က ပြောကြားသည်။

ဖူကျန့်ပြည်နယ်တွင် အရှည်ကီလိုမီတာ ၃၀၀ ရှိ ဝမ်ကျိုး-ဖူကျိုးရထားလမ်း ဖောက်လုပ်မှုသည် ၇၆ ရာခိုင်နှုန်း ပြီးစီးနေပြီး ရထားဥမင်လမ်း ဖောက်လုပ်မှုသည် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***




# ဗုံးသယ်ဆောင်လာသည်ဟု နောက်ပြောင်သူခရီးသည် မနီလာလေဆိပ်တွင် ဖမ်းဆီးခံရ

**မနီလာ မေ ၁၄**

ဗုံးသယ်ဆောင်လာသည်ဟုနောက်ပြောင်သူ အီတလီခရီးသည်တစ်ဦးကို မနီလာနိုင်ငံတကာလေဆိပ် လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်း လိုက်ကြောင်း ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

အသက် ၅၅ နှစ်ရှိပြီဖြစ်သည့် အဆိုပါအီတလီခရီးသည်မှာ ဆာဗီနိုဖြစ်ပြီး ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၅၅မိနစ်တွင် ဟောင်ကောင်သို့ လေကြောင်းခရီးဖြင့်သွားရန် စီစဉ်ထားကြောင်း၊ ၎င်းကို အကွီနိုနိုင်ငံတကာလေဆိပ်တွင် လေကြောင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဆာဗီနိုက ၎င်း၏အိတ်အတွင်း နျူကလီးယား ဗုံးသုံးလုံးရှိကြောင်း၊ ၎င်းသည် အိုစမာဘင်လာဒင်၏အုပ်စုမှဖြစ်ကြောင်း ဟာသလုပ်ပြောကြားခဲ့သည်ဟု ဆိုသည်။

ဗုံးနှင့်ပတ်သက်၍ နောက်ပြောင်ပါက ဖိလစ်ပိုင်နိုင်ငံ၏ ဥပဒေအရ အပြစ်ပေးနိုင်သည်ဟု ဖိလစ်ပိုင်တာဝန်ရှိသူက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




**ပြင်သစ်နိုင်ငံ ချားလ်ဒီဂေါအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သိမ်းဆည်းရမိသော ဆင်စွယ်နှင့် တိရစ္ဆာန်အရိုးအစွယ်တို့ဖြင့် ပြုလုပ်ထားသောပစ္စည်းများကို မေ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပြန်ပေးဆွဲခံရသည့်ကလေး လွတ်မြောက်ရေး ဘောလုံးသမား ခရစ်ယာနိုရော်နယ်ဒို မေတ္တာရပ်ခံ

**လစ္စဘွန်း မေ ၁၄**

လွန်ခဲ့သည့် ရက်သတ္တပတ်က ပြန်ပေးဆွဲခံခဲ့ရသော မိန်းကလေး မက်ဒလင်းမက္ကန်းအား ပြန်လည်လွှတ်ပေးပါရန် မန်ချက်စတာယူနိုက်တက်ဘောလုံးအသင်းမှ ပေါ်တူဂီလူမျိုး ဘောလုံးသမား ခရစ္စတီယာနိုရော်နယ်လ်ဒိုက မေ ၁၂ ရက်တွင် မေတ္တာရပ်ခံလိုက်သည်။

အဆိုပါမိန်းကလေးငယ်အတွက် မိမိ အလွန်အမင်း စိတ်ပူပန်မိကြောင်း၊ ယင်းမိန်းကလေးငယ် လွတ်မြောက်ရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် မိမိမေတ္တာရပ်ခံကြောင်း ခရော်နယ်ဒိုက စကိုင်းနယူးစ် ရုပ်မြင်သံကြားမှ တစ်ဆင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မက်ဒလင်းမက္ကန်းသည် မိဘများနှင့်အတူ ပေါ်တူဂီနိုင်ငံရှိ ကမ်းရိုးတန်းအပန်းဖြေစခန်းတွင် ရှိနေစဉ်အတွင်း တည်းခိုနေထိုင်ရာဟိုတယ်မှ ပျောက်ဆုံးသွားခဲ့သည်။ ပြန်ပေးဆွဲသူများက ကလေးငယ်ကို ခေါ်ယူသွားသည်ဟု ယူဆရသည်။ မက္ကန်း၏မိဘများသည် မိတ်ဆွေများနှင့်အတူ ဟိုတယ်အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာစားချိန်အတွင်း ကလေးပျောက်ဆုံးသွားခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင် ၁၈၀၊ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၆၀၊ စေတနာ့ဝန်ထမ်း ၂၀ နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပျောက်ဆုံးနေသော ယင်းကလေးငယ်ကို ရှာဖွေလျက်ရှိကြသည်။

***အင်တာနက်။***

# ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ဒုက္ခသည် တစ်ဘီလီယံ ရှိလာမည်

**လန်ဒန် မေ ၁၄**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေရှားပါးပြတ်လပ်ခြင်းနှင့် ကောက်ပဲသီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်မှုမရှိခြင်းတို့ကြောင့် ၂၀၅၀ ပြည့်နှစ်ထက်နောက်မကျဘဲ ဒုက္ခသည် တစ်ဘီလီယံထက်မနည်း ရှိလာမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံရှိ ပရဟိတအဖွဲ့အစည်းတစ်ရပ်က တနင်္လာနေ့တွင် သတိပေးလိုက်သည်။

**ကူညီနိုင်**

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော ပတ်ဝန်းကျင် ညစ်ညမ်းမှုအတွက် တာဝန်ရှိကြောင်း၊ ကမ္ဘာကြီးပူနွေးမှုကြောင့် ဆိုးကျိုးဒဏ်ခံရသူများအတွက် ကူညီနိုင်ရန် ယင်းနိုင်ငံများက လုပ်ဆောင်ရမည်ဖြစ်ကြောင်း ခရစ်ယာန်အကူအညီပေးရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်သူများ အလုံးအရင်းဖြင့် ရွှေ့ပြောင်းနေထိုင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။

ယခုရာစုနှစ်တွင် ကမ္ဘာ့ပျမ်းမျှအပူချိန် ၁ဒသမ၈မှ ၃ဒီဂရီ ဆဲလ်စီးယပ်စ်အကြား ပိုမိုမြင့်တက်လာမည်ဟု သိပ္ပံပညာရှင်များက ဟောကိန်းထုတ်ထားသည်။

***အမ်အင်အေ၊ ရိုက်တာ။***




**ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနူးအာကာသစခန်းတွင် ဥရောပအာကာသအေဂျင်စီက တည်ဆောက်လျက်ရှိသော ဂယ်လီလီယို ကမ္ဘာ့လမ်းပြမြေပုံဂြိုဟ်တုကို မေ ၁၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်တွင် ကုလသမဂ္ဂဝန်ထမ်း ပစ်သတ်ခံရ

**ကဘူး မေ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ကုလသမဂ္ဂဝန်ထမ်းတစ်ဦး ပစ်သတ်ခံရကြောင်း ကုလသမဂ္ဂအထောက်အကူပြု မစ်ရှင်အဖွဲ့က မေ ၁၂ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ပစ်သတ်ခံရသူမှာ အသက် ၃၈နှစ်အရွယ်ရှိ ဆာဒီကူလာဆိုသူဖြစ်သည်။ ၎င်းသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် အလုပ်လုပ်ကိုင်နေသော ယာဉ်မောင်းတစ်ဦးဖြစ်သည်။ ဆာဒီကူလာသည် မြို့တော်ကန်ဒါဟာရှိ ၎င်း၏ရုံးသို့ မော်တော်ကားဖြင့် မောင်းနှင်လာစဉ် မော်တော်ဆိုင်ကယ်စီး သေနတ်သမားများက ပစ်ခတ်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

***အင်တာနက်။***

# အာဆီယံ ပဋိညာဉ်စာတမ်း သို့မဟုတ် အာဆီယံစည်းလုံး ညီညွတ်မှုမလျှိုင်

တက္ကသိုလ် မြတ်သူ

ကမ္ဘာသူ ကမ္ဘာသားများ ဒုတိယကမ္ဘာစစ်ပွဲကြီးကဲ့သို့ အနိဋ္ဌာရုံထူပြောသော စစ်ပွဲမျိုး၏ အန္တရာယ်မှကင်းဝေးစေရန် ကမ္ဘာသူ ကမ္ဘာသားတို့၏ဆန္ဒနှင့်အညီ ၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ထူထောင်ဖွဲ့စည်းခဲ့ကြသည်။ ကုလသမဂ္ဂသည် ကမ္ဘာ့လူသားများ၏ လွတ်လပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ နိုင်ငံအားလုံး တန်းတူညီမျှခွင့်၊ ပြင်ပမှစွက်ဖက်မှု၊ ကျူးကျော်မှုများ ကင်းလွတ်ခွင့်၊ ပြဿနာများရှိလာလျှင် စစ်ရေးအရ မဖြေရှင်းဘဲ တွေ့ဆုံ ဆွေးနွေး နိုင်ငံရေးအရဖြေရှင်းရေး၊ ကမ္ဘာကြီး ငြိမ်းချမ်းလုံခြုံကာ ဖွံ့ဖြိုး တိုးတက်မှုများကို ပူးပေါင်းဆောင်ရွက်ရေး မူဝါဒများ ချမှတ်ပေးခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်စက အဖွဲ့ဝင်၅၁နိုင်ငံသာ ရှိခဲ့ရာမှ ယခုအခါ အဖွဲ့ဝင်နိုင်ငံ၁၉၂နိုင်ငံ ရှိလာပြီဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ လုပ်ငန်းစဉ်၊ ဖွဲ့စည်းပုံများကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (ဝါ)အဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာပါမည်ဟု ကတိဝန်ခံ ပဋိညာဉ်ပြု လက်မှတ်ရေးထိုးရသော ပဋိညာဉ်စာချုပ်ကြီးတွင် ရေးဆွဲ ပြဋ္ဌာန်းထားသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေဟု ဆိုရမည့် ပဋိညာဉ်စာချုပ်ကြီးကို United Nations Charter ဟု ခေါ်တွင်သည်။ ပဋိညာဉ်စာတမ်းကို ၁၉၄၅ခုနှစ်အစောပိုင်း၌ ရေးဆွဲကာ အဖွဲ့ဝင်နိုင်ငံများက ၁၉၄၅ခုနှစ် ဇွန်လမှစ၍ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒေသအလိုက် အဖွဲ့အစည်းများကိုလည်း စုပေါင်းဖွဲ့စည်းကာ ဒေသ၏ ဘုံအကျိုးစီးပွားကို ပူးပေါင်းဖော်ဆောင်ကြသည်။ AU (African Union) အာဖရိကနိုင်ငံများသမဂ္ဂ၊ OAS (Organization of American States) အမေရိကန် နိုင်ငံများအဖွဲ့၊ EU(European Union) ဥရောပနိုင်ငံများသမဂ္ဂ၊ Arab League (League of Arab States) အာရပ်နိုင်ငံများ အဖွဲ့ချုပ်၊ ASEAN (Association of Southeast Asian Nations) အာဆီယံခေါ် အရှေ့တောင်အာရှ နိုင်ငံများအသင်း၊ CARICOM (Caribbean Community and Common Market) ကာရစ်ဘီယံ ဒေသနိုင်ငံများအစုနှင့် ဘုံဈေးအဖွဲ့ စသည်တို့ ဖြစ်ကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ဒေသတွင်း (အဖွဲ့ဝင်) နိုင်ငံအချင်းချင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုဆောင်ရွက်သွားရေးတို့ကို ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အာဆီယံ စတင်ဖွဲ့စည်းစဉ်က ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားနိုင်ငံများပါဝင်ခဲ့ပြီး ဗီယက်နမ်၊ ဘရူနိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့ ဆက်လက်ပါဝင်လာကြသဖြင့် ဒေသတစ်ခုလုံး အကျုံးဝင် လွှမ်းခြုံသော အဖွဲ့ကြီးဖြစ်လာသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ သန်းပေါင်း၅၇၀ ကျော် ရှိပေသည်။ အာဆီယံ ဒေသသည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမည့် ဒေသဖြစ်သည်ဟု စီးပွားရေး ပညာရှင်များက ဟောကိန်းထုတ်ထားသည်။

အာဆီယံဖြစ်လာမည့် အရှေ့တောင်အာရှဒေသသည် တစ်ချိန်က အနောက်နယ်ချဲ့နိုင်ငံများ၏ နယ်ချဲ့စိုးမိုးမှု ခံခဲ့ကြရသည်။ နယ်ချဲ့တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြရသည်။ ကမ္ဘာ့စစ်ဒဏ်ကိုလည်း ခံကြရသည်။ ကမ္ဘာ့စစ်ပွဲကြီးအပြီး ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်၊ ပေါ်တူဂီနယ်ချဲ့တို့ အရှေ့တောင်အာရှကို လွတ်လပ်ရေးပေးပြီး ဆုတ်ခွာသွားချိန်၊ ဒိုမီနိုသီအိုရီကို ကိုင်စွဲကာ အမေရိကန်က ကျူးကျော်စွက်ဖက်စိုးမိုးရန် အားထုတ်လာရင်း ဗီယက်နမ်စစ်ပွဲ ဖြစ်ပွားခဲ့ရပြန်သည်။ ဗီယက်နမ်ကို အမေရိကန် ကျူးကျော်တိုက်ခိုက်သော စစ်မီးလျှံသည် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများသို့တိုင် ကူးစက်ခဲ့သည်။ အရှေ့တောင်အာရှ(အထူးသဖြင့်) အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် စစ်မီးတောက်များဖြင့် ထောင်းလမောင်းထခဲ့သည်။

ဒိုမီနို ခေါ် ဖဲချပ်ခပ်ထူထူကလေးများ (မြန်မာအချို့ ကစားသော "ကက်" နှင့် ဆင်ဆင်၊ မာကျောက်ဖဲချပ်နှင့် ဆင်ဆင်)ကို တစ်ခုနှင့်တစ်ခု အနေတော် စီတန်းချထားပြီး၊ ထိပ်ဆုံးဖဲချပ်ကို လက်ဖြင့် ခပ်ဆတ်ဆတ် တောက်လိုက်လျှင် ထိုဖဲချပ်ကလဲကျပြီး ဒုတိယဖဲချပ်ပေါ်ကျ၊ ဒုတိယဖဲချပ်က တတိယဖဲချပ်ပေါ်ကျ စသည်ဖြင့် စီတန်းထားသမျှ ဖဲချပ်အားလုံး လဲပြိုသွားတတ်၏။ ဒေသတစ်ခုတွင် ကွန်မြူနစ်နိုင်ငံတစ်ခု ပေါ်လာပြီးလျှင် ဒိုမီနိုဖဲချပ်ကဲ့သို့ တစ်နိုင်ငံပြီးတစ်နိုင်ငံ တန်းစီပြီး ကွန်မြူနစ်နိုင်ငံ ဖြစ်သွားလိမ့်မည်ဟု အမေရိကန်က ကြွေးကြော်ကာ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ တောင်–မြောက် အမေရိကနိုင်ငံများတွင် ကွန်မြူနစ်လွှမ်းမိုးမလာရေး ဒိုမီနိုသီဝရီအရ ဝင်ရောက်စွက်ဖက်တော့သည်။

ထိုစဉ်က မြောက်ဗီယက်နမ်၊ မြောက်ကိုရီးယား၊ တရုတ်နိုင်ငံတို့တွင် ကွန်မြူနစ်ပါတီအစိုးရများ အာဏာရလာစအချိန်ဖြစ်၍ အာရှကို အမေရိကန်က နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက် ခြေရှုပ်ခဲ့သည်။

၁၉၅၄ခုနှစ်တွင် အမေရိကန်သည် အရှေ့တောင်အာရှ အပါအဝင် အာရှကို စစ်ရေးလွှမ်းမိုးရန် SEATO (South-East Asia Treaty Organization) ဆီးတိုးခေါ် အရှေ့တောင်အာရှ(စစ်) စာချုပ်အဖွဲ့ကို ထူထောင်ခဲ့သည်။ ဥရောပတွင် အမေရိကန်ထူထောင်ကြီးစိုးထားသော NATO (North Atlantic Treaty Organization) နေတိုးခေါ် မြောက်အတ္တလန္တိတ် (စစ်)စာချုပ်အဖွဲ့ကဲ့သို့ အမေရိကန် စစ်စခန်းများ အရှေ့တောင်အာရှဒေသတွင် ဖြန့်ကြက်စိုးမိုးထားရန်၊ ယင်းစစ်အုပ်စုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုစဉ်က ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ ကွန်မြူနစ်အစိုးရများ အာဏာရနေသောနိုင်ငံများကို စစ်ရေးအရ ထိုးနှက်ဖြိုဖျက်ရန် ဖြစ်သည်။

ဆီးတိုးစစ်အုပ်စုသည် အရှေ့တောင်အာရှဒေသမှ ထိုင်းနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံသာပါဝင်ပြီး ဒေသအပြင်မှ ဩစတြေးလျ၊ နယူးဇီလန်၊ ပါကစ္စတန်၊ အမေရိကန်၊ ဗြိတိန်၊ ကနေဒါ စသည့် နိုင်ငံများ ပါဝင်ဖွဲ့စည်းခဲ့သည်။ ဒေသတွင်း နိုင်ငံအများစုက ဆီးတိုးတွင်မပါဝင်ဘဲ ဆန့်ကျင်ကြသည်။ ဆီးတိုးစစ်အုပ်စုသည် ၁၉၆၄ခုနှစ်နှင့် ၁၉၇၃ခုနှစ်အတွင်း အင်ဒိုချိုင်းနားဒေသ (ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား)တို့ကို အမေရိကန်က ကျူးကျော်စစ် ဆင်နွှဲရာ၌ ထောက်ကူရန် ရည်ရွယ်ခဲ့လေသည်။

ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ လူအင်အား၊ ငွေအင်အား၊ လက်နက်စွမ်းပကားနှင့် အင်အားမတန်တဆ ပုံအောပြီး တိုက်ခဲ့သော်လည်း အမေရိကန်ပြည်သူများအပါအဝင် ကမ္ဘာ့ပြည်သူများက အမေရိကန်၏ ကျူးကျော်မှုကို နေ့ဆက်ရက်ဆက် ကန့်ကွက်ဆန္ဒပြကြသကဲ့သို့ ဗီယက်နမ်ပြည်သူတို့၏ ရဲစွမ်းသတ္တိဖြင့် တွန်းလှန်တိုက်ခိုက်ကြသောကြောင့် အမေရိကန်တို့ အရေးနိမ့်ကာ ဒေသတွင်းမှ ဆုတ်ခွာသွားခဲ့ကြရသည်။ ၁၉၇၅ ခုနှစ်တွင် ဆီးတိုးအဖွဲ့ဝင် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က ဆီးတိုး ဖျက်သိမ်းရန် တောင်းဆိုလာကြသဖြင့် ၁၉၇၇ ခုနှစ်တွင် ဆီးတိုး(စစ်)အုပ်စု ပျက်ပြားသွားခဲ့ရသည်။ အမေရိကန်သည် ဆီးတိုးကို ပြန်လည်အသက်သွင်းရန် အချိန်နှင့်အမျှ ကြံစည်အားထုတ်နေခဲ့ပေသည်။

**ယခုအခါ အာဆီယံဖွဲ့စည်းပုံ အခြေခံဥပဒေဟု တင်စားရမည့် အာဆီယံ ပဋိညာဉ်စာတမ်း(စာချုပ်) ASEAN Charter ရေးဆွဲနေပြီဖြစ်။ အာဆီယံကို ဒေသအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းထားရာတွင် စည်းမျဉ်းစည်းကမ်းများဖြင့် ပိုမိုသွက်လက်ထက်မြက်သောအဖွဲ့ကြီး ဖြစ်လာစေရန်၊ ဒေသစည်းလုံးညီညွတ်မှုကို ပိုမိုဆောင်ကြဉ်းနိုင်ရန်၊ စိန်ခေါ်မှုများကို ညီညီညွတ်ညွတ် လက်တွဲကျော်လွှားနိုင်ရန်၊ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ဆောင်ရွက်ရေး (Globalization)ကို ပြင်ပနိုင်ငံများနှင့် ပိုမိုဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ရယူနိုင်ရန်၊ ကမ္ဘာနှင့် ဆက်ဆံဆက်သွယ်ရာ၌ စည်းကမ်းတကျ ထိရောက်မှုရှိစေရန် အာဆီယံပဋိညာဉ်စာတမ်း လိုအပ်လာ။ အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲခြင်းဖြင့် အာဆီယံ၏ ဥပဓိရုပ်ကို ပိုမိုထင်ရှားလာစေမည်ဖြစ်။**

အရှေ့တောင်အာရှနိုင်ငံများကမူ ဆီးတိုးကဲ့သို့သော ဒေသပြင်ပမှ စိုးမိုးခြယ်လှယ်သော စစ်အုပ်စုမျိုးကို စိတ်မဝင်စားကြ၊ လက်မခံကြပေ။ မိမိတို့ဒေသကောင်းကျိုးကို စုပေါင်းအကောင်အထည်ဖော်ရန် အာဆီယံကိုသာ အလေးထားဖွဲ့စည်း အားဖြည့်ခဲ့ကြပေသည်။

**ကျွန်တော်မှတ်မိသလောက် အာဆီယံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝင်ရောက်လာချိန် အမေရိကန်က အစွမ်းကုန် ဟန့်တားခဲ့သည်။ သို့သော် ဗီယက်နမ်ကို အဖွဲ့ဝင်အဖြစ်လက်ခံခဲ့ကြသည်။ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့ အဖွဲ့ဝင်ဖြစ်လာတော့မည့် ၁၉၉၇ ခုနှစ်တွင် အမေရိကန်က ကျားကုတ်ကျားခဲ ကန့်ကွက်ဟန့်တားလာခဲ့သည်။ သို့သော် အာဆီယံအဖွဲ့ဝင်ဖြစ်ပြီးသည့် ခုနစ်နိုင်ငံက အမေရိကန် စွက်ဖက်ဟန့်တားမှုကို လျစ်လျူရှုပြီး အဖွဲ့ဝင်သစ်သုံးနိုင်ငံကိုလက်ခံကာ အရှေ့တောင်အာရှဒေသတစ်ခုလုံး လွှမ်းခြုံအကျုံးဝင်သော အာဆီယံအသင်းကြီး ဖြစ်လာခဲ့သည်။ အင်ပြည့်အားပြည့် အာဆီယံ၊ တင်းပြည့်အာဆီယံဟု ဆိုနိုင်ပေသည်။**

အာဆီယံအင်အားပြည့် အဖွဲ့ကြီးဖြစ်လာပြီးနောက် ဒေသအကျိုးစီးပွားကို ပိုမို၍စည်းလုံးစွာ ကြိုးပမ်းနိုင်လာကြသည်။ သို့သော် **အမေရိကန်က အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန်၊ အမေရိကန်မလိုလားသော အဖွဲ့ဝင်နိုင်ငံကို ထုတ်ပစ်ရန် မရပ်မနား တိုက်တွန်းနေခဲ့သည်။ သို့သော် အာဆီယံ အသင်းကြီးကလည်း အသင်းကြီး စတင်ဖွဲ့စည်းကတည်းက ချမှတ်ခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်မစွက်ရေးမူကို တိကျစွာ ကျင့်သုံးခဲ့သည်။ ယခုနှစ်ဆိုလျှင် အာဆီယံက အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်မစွက်ရေးအခြေခံမူကို ကျင့်သုံးမှု နှစ်(၄၀) ပြည့်မြောက်ပေတော့မည်။ အရှေ့တောင်အာရှဒေသသည် ဆီးတိုး၊ သို့မဟုတ် အမေရိကန်စစ်ရေး လွှမ်းမိုးခြယ်လှယ်မှုကို လက်မခံ၊ ဒေသတွင်း၌ အမေရိကန်စစ်စခန်းကြီးများ လက်မခံသောဒေသ ဖြစ်နေပေပြီ။**

ယခုအခါ အာဆီယံဖွဲ့စည်းပုံ အခြေခံဥပဒေဟု တင်စားရမည့် အာဆီယံပဋိညာဉ်စာတမ်း(စာချုပ်) ASEAN Charter ရေးဆွဲနေပြီဖြစ်ပေသည်။ အာဆီယံကို ဒေသအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းထားရာတွင် စည်းမျဉ်း စည်းကမ်းများဖြင့် ပိုမိုသွက်လက်ထက်မြက်သော အဖွဲ့ကြီး ဖြစ်လာစေရန်၊ ဒေသစည်းလုံးညီညွတ်မှုကို ပိုမိုဆောင်ကြဉ်းနိုင်ရန်၊ စိန်ခေါ်မှုများကို ညီညီညွတ်ညွတ်လက်တွဲကျော်လွှားနိုင်ရန်၊ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ဆောင်ရွက်ရေး(Globalization)ကို ပြင်ပနိုင်ငံများနှင့် ပိုမိုဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ရယူနိုင်ရန်၊ ကမ္ဘာနှင့် ဆက်ဆံဆက်သွယ်ရာ၌ စည်းကမ်းတကျ ထိရောက်မှုရှိစေရန် အာဆီယံပဋိညာဉ် စာတမ်း လိုအပ်လာရသည်။ အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲခြင်းဖြင့် အာဆီယံ၏ ဥပဓိရုပ်ကို ပိုမိုထင်ရှားလာစေမည်ဖြစ်သည်။

၂၀၀၄ခုနှစ် နိုဝင်ဘာလက ချမှတ်ခဲ့သည့် ဗီယန်ကျင်းလုပ်ငန်း အစီအစဉ်တွင် အာဆီယံပဋိညာဉ်ရေးဆွဲရေးကို အစီအစဉ်တစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲရေးအတွက် ကွာလာလမ်ပူ ကြေညာစာတမ်း၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးကြကာ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်၁၀ဦး Eminent Persons Group(EPG)အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းပုဂ္ဂိုလ်ကျော် ၁၀ဦးအဖွဲ့တွင် မြန်မာနိုင်ငံမှ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ထင်ရှားသောပုဂ္ဂိုလ်များ ပါဝင်ကြသည်။

EPG ၁၀ ဦးအဖွဲ့က အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ပါလီမန်အမတ်များ၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ဥရောပနိုင်ငံများသမဂ္ဂ (EU)မှ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ တွေ့ရှိချက်များကို ပဋိညာဉ်စာတမ်းပြုစုရာ၌ အထောက်အကူဖြစ်စေရန် အာဆီယံအဖွဲ့ကြီးသို့ တင်ပြခဲ့သည်။

အာဆီယံပဋိညာဉ်စာတမ်းကို EPG ၏ အကြံပြုချက်များကို အခြေပြုပြီး ရေးဆွဲရန် အဆင့်မြင့်လုပ်ငန်းအဖွဲ့ HlTF (High Level Task Force)က တာဝန်ယူခဲ့သည်။ ယင်းအဆင့်မြင့် လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ ကျွမ်းကျင်သူ ၁၀ ဦးပါဝင်ခဲ့သည်။ မြန်မာနိုင်ငံမှမူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား ပါဝင်ခဲ့သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌမှာ ဖိလစ်ပိုင်နိုင်ငံမှ ရိုဆာရီယို ဂျီမာနာလို (Rosario G. Manalo) ဖြစ်သည်။ အဆင့်မြင့်လုပ်ငန်းအဖွဲ့က အဖွဲ့ဝင်နိုင်ငံများမှ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးကာ ယင်းတို့၏ အမြင်၊ ဆန္ဒ၊ သဘောထား၊ အကြံဉာဏ်များ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▶

# ပြင်ဦးလွင်မြို့၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၁၅**

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မေ ၅ ရက် နံနက်က မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ တပ်မတော် နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇာနည်ဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဈေးဝယ်လာသူ မြို့မိမြို့ဖများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးခင်စိုးတို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းရောင်းချနေသော မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စက္ကူဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဈေးဆိုင်များသို့ လှည့်လည်ကြည့်ရှုအားပေးကြကြောင်းသိရှိရသည်။ (စက်မှု-၁)



ပြင်ဦးလွင်မြို့၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပရာ တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးခင်စိုးတို့ အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (စက်မှု-၁)

# မိုးကုတ်ဝိပဿနာ ဓမ္မကထိကသင်တန်းဖွင့်မည်

**ရန်ကုန် မေ ၁၅**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး တရားများကို ဝတ္ထုဇာတ်များနှင့်ယှဉ်တွဲ၍ ဟောကြားပုံများကို နိုင်ငံကျော် ဓမ္မကထိက သာသနဟိတဓရရွှေတံဆိပ်ဆုရ ဆရာကြီး ဦးစောအောင်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလ ပန်းခြံလမ်း (ဘားလမ်း) အထက်ဘလောက် အောင်ဓမ္မာရုံကြီးတွင် ဇွန် ၁ရက်မှ ၃၀ရက်အထိ ဓမ္မဒါနသင်တန်း တရားများကို နေ့စဉ် မွန်းလွဲ၁၂နာရီခွဲမှ ၂နာရီအထိ ပို့ချမည်ဖြစ်၍ သင်တန်းတက်လိုသည့် ရဟန်းရှင်လူပြည်သူများ မည်သူမဆို တက်ရောက်တရားနာယူနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

# FAG /INA Roller & Ball Bearings

## ကုန်ပစ္စည်းများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မေ ၁၅**

Schaeffler Group (Germany) နှင့် Tractors World ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် FAG / INA Roller & Ball Bearings ကုန်ပစ္စည်းများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို မေ ၁၀ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Tractors World ကုမ္ပဏီမှ အကြံပေးအရာရှိ ဦးတင်ဝင်းက မိတ်ဆက်အမှာစကား ပြောကြားသည်။ ထို့နောက် Schaeffler Group မှ ဒေသဆိုင်ရာမန်နေဂျာ Mr. Manfred Hanninger က မိမိတို့ကုမ္ပဏီထုတ် စက်မှုလုပ်ငန်းသုံး FAG/INA Roller & Ball Bearings အကြောင်းကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် Schaeffler Group အရှေ့တောင်အာရှ အရောင်းမန်နေဂျာ Mr. Tan Sing Yenn က ကုမ္ပဏီထုတ် Bearings များအကြောင်းကို ထပ်မံရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထက်ပါ FAG/INA Roller & Ball Bearings များကို ပြည်တွင်း၌ ဝယ်ယူလိုပါက Tractors World ကုမ္ပဏီလီမိတက် ဖုန်း-၅၅၈၂၂၄ နှင့် ၂၄၄၁၀၀တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။(သတင်းစဉ်)



Schaeffler Group **အရှေ့တောင် အာရှ အရောင်းမန်နေဂျာ** Mr. Tan Sing Yenn **ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဧပြီ ၂၉ရက်က အလှူရှင် မော်လမြိုင်မြို့ လှိုင်ဈေးလမ်းနေ ဦးလှဖေ-ဒေါ်ကြည်မိသားစုက ငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၃၀၇)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရယူလိုသဖြင့် ၂၀၀၇ခုနှစ် မတ်လ၂၇ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်သို့ ဖိတ်ခေါ် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဖွဲ့ဝင်နိုင်ငံတိုင်းမှ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ် ခြောက်ဦးစီ ပါဝင်ကြသည်။

မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဦးထွန်းအောင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာဌေးမြင့်၊ ဒေါက်တာ ဝါဝါမောင်နှင့် စာရေးဆရာ၊ သတင်းစာဆရာအဖြစ် ကျွန်တော် ပါဝင်တက်ရောက်ခဲ့သည်။ မတ်လ ၂၇ရက်နေ့ နံနက် ဖွင့်ပွဲတွင် သဘာပတိ HLTF ဥက္ကဋ္ဌ ရိုဆာရီယိုဂျီမာနာလိုက နှုတ်ခွန်းဆက်စကား ပြောကြားရင်း ကိုယ်စားလှယ်များ မဏ္ဍိုင်သုံးရပ်တွင် တာဝန်ခွဲဝေ တက်ရောက်ဆွေးနွေးအကြံပြုကြကာ အစုအဖွဲ့ စာတမ်းရေးသားပြုစုလျက် မွန်းလွဲပိုင်း စုံညီအစည်းအဝေး၌ စာတမ်းများဖတ်ကြားကြ၊ ဆွေးနွေးကြ၊ HLTF အဖွဲ့ဝင်များက မှတ်ချက်စကားများ ပြောကြားကြမည် ဖြစ်ကြောင်း၊ လူ့အခွင့်အရေးအကြောင်း အာဆီယံဝန်ကြီးအဆင့် ပုဂ္ဂိုလ်များက သီးခြားကိုင်တွယ် ကြမည်ဖြစ်၍ ပဋိညာဉ်စာတမ်းတွင် လူ့အခွင့်အရေးအကြောင်း မပါဝင်၊ ပဋိညာဉ်စာတမ်း၌ အဖွဲ့ဝင်နိုင်ငံများကို အဖွဲ့ဝင်အဖြစ်မှ ရုပ်ဆိုင်းခြင်း ကဲ့သို့သော အကြောင်းအရာများ မပါဝင်ပါဟု ကြိုတင်ရှင်းပြသည်။

မဏ္ဍိုင်သုံးရပ်ဆွေးနွေးပွဲများတွင် (၁) နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်အခန်း၌ ဦးလှမြင့်နှင့် ဒေါက်တာဌေးမြင့်၊ (၂)စီးပွားရေးရာ မဏ္ဍိုင်အခန်း၌ ဦးထွန်းအောင်နှင့် ဒေါက်တာ ဝါဝါမောင်၊ (၃)လူမှု-ယဉ်ကျေးမှုမဏ္ဍိုင်အခန်း၌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ကျွန်တော်တို့ တက်ရောက်ဆွေးနွေးသည်။ ဆွေးနွေးပွဲ သုံးခုစလုံးတွင် မြန်မာကိုယ်စားလှယ်များက ပဋိညာဉ်စာတမ်း ပြုစုအောင်မြင်ရေးကို ထောက်ကူဆွေးနွေး တင်ပြခဲ့ကြသည်။ ဆွေးနွေးပွဲအားလုံးမှာပင် အာဆီယံ စိတ်ဓာတ်၊ အာဆီယံ ညီညွတ်မှုနှင့် အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲအောင်မြင်ရေးကို အားလုံး စေတနာတူညီစွာ ဆွေးနွေးသွားကြသည်မှာ စိတ်ချမ်းမြေ့ကြည်နူးဖွယ်ကောင်းလှသည်။ အာဆီယံ ညီညွတ်စည်းလုံးမှု မြင်ကွင်းဟု ဆိုနိုင်ပေသည်။

ကျွန်တော် ပါဝင်သော လူမှု-ယဉ်ကျေးမှုမဏ္ဍိုင်၌ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား ကိုယ်စားလှယ်တို့က တစ်ဦးနှင့်တစ်ဦးအကြား ကွာဟချက်ရှိလျှင်ပင် အာဆီယံ ညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပဋိညာဉ်စာတမ်းကြီး အောင်မြင်စွာ ပေါ်ထွန်းရေးအတွက် ဦးတည်ကြရန် တိုက်တွန်းသွားကြသည်။ ကျွန်တော် ဆွေးနွေးရမည့်အလှည့်တွင် **အာဆီယံ ၁၀နိုင်ငံ၌ ဘာသာရေး၊ ဘာသာစကား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု စသည်တို့၌ မတူညီမှုများရှိသော်လည်း အားလုံးသည် အာရှသားများဖြစ်ရာ၌ တူညီကြသည်။ အာဆီယံမိသားစုဝင်များဖြစ်ရာ၌ တူညီကြသည်။ အာဆီယံ လုပ်ငန်းများအောင်မြင်လျှင် အားလုံးခံစားရမည့် အကျိုးစီးပွား (ဘုံအကျိုးစီးပွား)၌ တူညီကြသည်။ မတူညီမှုများ ရှိကြစေကာမူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး သဘောတရားအရ အာဆီယံ ရည်မှန်းချက်များကို အတူယှဉ်တွဲ ကြိုးပမ်းလျက်ရှိကြသည်မှာ ဝမ်းမြောက် အားရဖွယ်ကောင်းသည်။ လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုသည် ယင်းလူမျိုးတို့၏ ဂုဏ်ဒြပ်ပင်ဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်စာတမ်း၌ အဖွဲ့ဝင် နိုင်ငံတိုင်း၏ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခွင့်၊ စည်းစနစ်တကျ မြှင့်တင်ခွင့်ကို အာမခံထားလိမ့်မည်ဟု ယုံကြည်ပါသည်ဟု တင်ပြခဲ့သည်။**

မွန်းလွဲပိုင်းတွင် စာတမ်းသုံးစောင်ဖတ်ကြားကြရာ အားလုံးက ဝမ်းသာကြ၊ ကျေးဇူးတင်ကြဖြင့် ကြိုဆိုထောက်ခံကြသည်။ အာဆီယံ ပဋိညာဉ်စာတမ်းကြီးကို အဆင့်မြင့်လုပ်ငန်းအဖွဲ့ HLTF က ဆက်လက် ညှိနှိုင်းဆွေးနွေးရေးဆွဲကြကာ ၂၀၀၇ခုနှစ် နိုဝင်ဘာလ စင်ကာပူတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံသို့ တင်ပြနိုင်ရန် မျှော်လင့်ထားကြသည်။

အစဉ်တစိုက် စည်းလုံးညီညွတ်သော အာဆီယံအသင်းကြီးသည် ပဋိညာဉ်စာတမ်းကြီး ပေါ်ထွန်းလာပြီးနောက် ပိုမိုစည်းလုံး တက်ကြွထက်မြက်စွာ တိုးတက်မှုအပေါင်းလက္ခဏာများ တိုးပွားလာအောင် ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် အာဆီယံ ပဋိညာဉ်စာတမ်းကြီးသည် အာဆီယံမိသားစုဝင် အရှေ့တောင်အာရှနိုင်ငံများ၏ စည်းလုံးညီညွတ်မှု မဏ္ဍိုင်ကြီးဖြစ်သည်ဟု ရှုမြင်မိကြောင်းပါခင်ဗျား။ ။

# ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများ နဝမအကြိမ် အာစရိယ ပူဇော်မည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၄-၁၉၆၅) ပထမနှစ်သင်တန်းသို့ စတင်တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၆ရက်(စနေနေ့) နံနက် ၉နာရီတွင် ရွှေမာလာရိပ်မွန် (ရေကြောင်းသိပ္ပံ၊ ကမာရွတ်)ရှေ့ရှိ Lion City Restaurant ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဦးသန်းထွေး ဖုန်း-၀၉၈၀-၃၂၉၁၆၊ ၅၆၁၆၆၈၊ ဦးအုန်းခိုင်-ဒေါ်ခင်ဆွေအေး ဖုန်း-၀၉၅၀-၁၄၀၇၀၊၅၀၁၆၇၄၊ ဦးဆလိုင်းမျိုးမြင့် ဖုန်း-၀၆၇-၄၀၇၁၇၂ နေပြည်တော်၊ ဦးမောင်မောင်သော် ဖုန်း-၅၂၆၉၃၃၊ ဒေါ်ကြည်ကြည်စိန်(ဘဲဥ) ဖုန်း-၃၈၀၁၀၁၊ ဦးခင်မောင်မြင့်-ဒေါ်ရိုစီကြီး ဖုန်း-၆၅၀၉၉၇၊ ၆၅၀၉၈၉၊ ဦးအုန်းကျော် ဖုန်း-၀၉၅၁-၇၁၆၂၂၊၅၇၃၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက်အထိ
စိတ်ဓာတ် ကိုယ်ကာယ ပညာ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

❒ ရှေ့ဖုံးမှ

လေကြောင်းစီးပွားရေးလုပ်ငန်းများကိုလည်း အကျိုးတူ ဆောင်ရွက်၍ စတင်တာထွက်သည်မှ ခရီးပန်းတိုင်ရောက်အောင် စဉ်ဆက်မပြတ် ကြိုးစားစေလိုကြောင်း၊ အဲပုဂံလေကြောင်းလိုင်းအနေဖြင့် လက်ရှိပျံသန်းပြေးဆွဲနေသည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့်လည်း အပြန်အလှန် အထောက်အကူပြု ပြေးဆွဲစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံသားပိုင် အဲပုဂံလေကြောင်းလိုင်းသည် ပြည်တွင်းပျံသန်းပြေးဆွဲသော လေကြောင်းလိုင်းမှတစ်ဆင့်တက်၍ ပြည်ပသို့ ပျံသန်းပြေးဆွဲနေသော အဲပုဂံလေကြောင်းလိုင်းအဖြစ်သို့ ရောက်ရှိပြီး မိမိတို့နိုင်ငံအတွင်းသို့ ပိုမိုဝင်ရောက်လာသော ခရီးသည်များကြောင့် အောင်မြင်သော လေကြောင်းလိုင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Air Bagan Ltd. ဥက္ကဋ္ဌ ဦးတေဇက နိုင်ငံတကာခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Air Bagan Ltd. ဥက္ကဋ္ဌ ဦးတေဇက တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းအား နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား အမှတ်တရလက်ဆောင်ကို ပေးအပ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့အား ဖွင့်ပွဲအခမ်းအနား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် Air Bagan Ltd. နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဦးတေဇတို့က နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Air Bagan Ltd. ၏ ပထမဆုံး နိုင်ငံတကာခရီးစဉ်အဖြစ် နံနက် ၇နာရီခွဲတွင် Airbus A 310-200 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်သို့ စတင်ပျံသန်းပြေးဆွဲခြင်းကို တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Air Bagan Ltd. ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၄ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ပြည်တွင်း မြို့ပေါင်း ၁၇မြို့သို့ အောင်မြင်စွာ ပျံသန်းပြေးဆွဲနိုင်ခဲ့ပြီးဖြစ်သည်။ ယခုအခါ Fokker F-100 လေယာဉ် နှစ်စင်း၊ ATR 42 လေယာဉ် သုံးစင်း၊ ATR 72 လေယာဉ် နှစ်စင်း၊ Airbus A310 နှစ်စင်း စုစုပေါင်း လေယာဉ်ကိုးစင်းဖြင့် ပျံသန်းပြေးဆွဲလျက်ရှိသည်။ ရန်ကုန်မှ ဗန်ကောက်၊ စင်ကာပူနှင့် ကူမင်းမြို့များသို့ ပျံသန်းပြေးဆွဲရန်အတွက် နိုင်ငံခြားသား Airbus လေယာဉ်မှူးကြီးများနှင့် နိုင်ငံခြားသား အင်ဂျင်နီယာများငှားရမ်းခြင်း၊ မြန်မာနိုင်ငံသား လေယာဉ်မှူးများအား Airbus-A310 သင်တန်းတက်ရောက်စေခြင်း၊ မြန်မာနိုင်ငံသား လေယာဉ်မောင်/မယ်များအား Airbus သင်တန်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် အမျိုးသားလေယာဉ်မှူး သင်တန်းသား လေးဦးနှင့် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီးလေယာဉ်မှူး သင်တန်းသူနှစ်ဦး စုစုပေါင်း ခြောက်ဦးတို့ကို မလေးရှားနိုင်ငံ Integrated Aviation Academy သင်တန်းကျောင်းသို့ တက်ရောက်စေခဲ့ပြီး အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်အတွက် လိုအပ်မည့် ဝန်ဆောင်မှုကိစ္စများ၊ မြေပြင်သုံး အထောက်အကူပြုယာဉ်များ ဝယ်ယူခြင်းကိစ္စများနှင့် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ပြီးဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံတကာခရီးစဉ်များ စတင်ပျံသန်းနိုင်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့က ပံ့ပိုးခဲ့သည်။

Air Bagan လေကြောင်းလိုင်း၏ ရည်မှန်းချက်မှာ ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ်များကို အများပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ နိုင်ငံတကာနှင့် ပြည်တွင်းခရီးစဉ်များကို သက်သာသော နှုန်းထားများဖြင့် ခရီးသွားလာနိုင်ရေး၊ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသား ခရီးသည်များ ပိုမိုဝင်ရောက်လာနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာဝပြောမှုကို ကမ္ဘာကသိရှိရေးစသည့် ရည်ရွယ်ချက်များဖြင့် ပျံသန်းပြေးဆွဲခြင်း ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)





ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ Air Bagan Ltd. နိုင်ငံတကာခရီးစဉ် ပျံသန်းပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆေးရုံဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

# လင်းလွန်းပင် သာသနာ့ဗိမာန် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက်လုံးဆိုင်ရာ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်ကြီးအတွင်း တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်ကျောင်းတော်ကြီး ပြီးမြောက်စေရန် ရည်ရွယ်လျက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ခြင်း အခမ်းအနားကို မေ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ၎င်းဗိမာန်တော်ကြီးအောက်ထပ်၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းခဲ့ပြီးသော ကျပ် ၁၀၀၀၀ နှင့်အထက် အလှူရှင်များအားလုံးအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ၎င်းနေ့ နံနက် ၈ နာရီအရောက် ကြွရောက်ကြရန် စတုပစ္စယာနုဂ္ဂဟအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

# ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်ကလေးဆေးရုံကြီး ကြည့်ရှုစစ်ဆေး
## ကျန်းမာရေးပညာပေးခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၁၅

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ကလေးဆေးရုံကြီး စာသင်ဆောင်ခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခများ၊ကထိကများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က ဆေးရုံကြီးဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံ၊ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေများကို လည်းကောင်း၊ ကလေးကျန်းမာရေးပညာဌာန ပါမောက္ခ ဒေါက်တာအေးမောင်ဟန်က ဘွဲ့ကြို/ဘွဲ့လွန်ဆေးပညာ သင်ကြားရေးဆိုင်ရာ အစီအစဉ်ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆေးပညာသင်ကြားရေးတွင် လူနာများအတွက် ပြုစုကုသမှု အကောင်းဆုံးပေးနိုင်ရန် သဘောထား ခံယူချက်ထားရှိရန် လိုအပ်ကြောင်း၊ ဆေးကုသမှုပေးသည့် ဆရာဝန်များ၏ ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှု အပေါ်တွင်လည်း လူနာများက အားကိုးယုံကြည်စိတ်ချစေရန် အဓိက လိုအပ်ကြောင်း၊ စိတ်ကောင်း စေတနာကောင်းဖြင့် လူနာများအား ဆေးဝါးကုသမှုပေးရန်နှင့် လူနာ၏ အသက်အန္တရာယ်ကိုယှဉ်၍ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည့်အတွက် စိတ်ထားမှန်မှန်ကန်ကန်ဖြင့် ကယ်တင် စောင့်ရှောက်ကြစေလိုကြောင်း၊ အမြဲမပြတ် သတိရှိစေလိုကြောင်း၊ နိုင်ငံတော်မှလည်း နိုင်ငံတကာအဆင့်မီ ပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်ကို သိရှိနားလည်သဘောပေါက်ကြစေလိုကြောင်း၊လူနာကုသပေးသည့် ဆရာဝန်၊ ဆရာမများအနေဖြင့် ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများကို အလေးထား၍ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလေးဆေးရုံကြီး၏ အရေးပေါ်နှင့် ပြင်ပလူနာဌာနဆောင်၊ အထူးကုသဆောင်နှင့် ကလေးငယ်လူနာများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြင်ပလူနာတိုးချဲ့ဆောင်ရှိ ကလေးလူနာများ လာရောက်ပြသကုသမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စာသင်ဆောင်ကို သွားရောက်စစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ရခိုင်ရိုးရာသင်္ကြန် ပါဝင်ကူညီသူများအား ဂုဏ်ပြု

**ရန်ကုန် မေ ၁၅**

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) ၂၀၀၇ခုနှစ် စတုတ္ထအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီက ပွဲတော်အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအသီးသီးတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၁ရက် ညနေ ၆နာရီတွင် ဗဟန်းမြို့နယ် ကန်တော်ကြီး Western Park Royal စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) နာယက ဦးအောင်ရွှေဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်က ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးကျော်ရင်က ရခိုင်ပြည်နယ် ဓမ္မာရုံအတွက် လိုအပ်သည့် အဆင့်မြင့် အသံချဲ့စက်တစ်စုံဝယ်ယူရန် ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းက လက်ခံယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနားတက်ရောက်သူများအား လေးဝတီတေးဂီတအဖွဲ့နှင့် ရခိုင်မောင်မယ်အသင်းတို့က ရခိုင်ရိုးရာ တေးသီချင်း အဆိုအကတို့ဖြင့် ဖျော်ဖြေကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။ (က-ပ)

✻ ဘဏ်လုပ်ငန်းမှ

ရမည်ဖြစ်ကြောင်း၊ စာတွေ့လက်တွေ့ သင်ခန်းစာများသာမက ဆက်စပ်လျက်ရှိသည့် အသုံးချဘာသာရပ်များကိုပါ ရေရှည်လေ့လာသွားခြင်းအားဖြင့် သင်တန်းသားများ၏ အရည်အသွေး၊ ဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သွားမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေလွှဲဌာနစိတ်၊ စာရင်းဌာန၊ ဘဏ်တွင်းစာရင်းစစ်ဌာန၊ စီမံရေးရာဌာန၊ ပင်စင်ဌာနစိတ်၊ ငွေစုဘဏ်ဌာနစိတ်တို့တွင် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ကွန်ပျူတာဖြင့် ငွေစုဘဏ်အတိုးတွက်ချက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဘဏ်လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ထိရောက်ထက်မြက်စေရန် လိုအပ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး ရိုးဖြောင့်မှန်ကန်သော စိတ်ထားဖြင့် နိုင်ငံတော်ကို တာဝန်သိသိ၊ သစ္စာရှိရှိ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း၊ ဘဏ်တွင်း ဘဏ်ပြင် သန့်ရှင်းသပ်ရပ်စေရေး ဂရုပြုဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ရောက်ရှိစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ ခရိုင်အခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်အခွန်ဦးစီးမှူးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အခွန်ဆိုင်ရာလုပ်ငန်း တာဝန်များသည် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ ပြည့်ဝမှန်ကန်စွာရရှိရေး ဆောင်ရွက်ရန်၊ သတ်မှတ်ထားသည့်လျာထားချက်များ ပြည့်မီကျော်လွန်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများကို အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နေပြည်တော်ရှိ မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံးသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းနှင့် သက်ဆိုင်ရာ တာဝန်ခံအရာရှိတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အာမခံလုပ်ငန်းသို့ လာရောက်ဆက်သွယ်သော ပြည်သူများအား ဆက်ဆံရာတွင် ချိုသာပြေပြစ်သည့် ဆက်ဆံမှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားရန်လိုအပ်ကြောင်း၊ အာမခံလုပ်ငန်း၏ လုပ်ဆောင်ချက်များကို ပြည်သူများ နားလည်သဘောပေါက်စေရန် အသိပညာပေးစည်းရုံးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တာဝန်နှင့်ရပိုင်ခွင့်များဖြင့် ကိုယ်ကျိုးရှာဖွေခြင်းမပြုသော၊ ပြည်သူများယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရေး ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းစသည်ဖြင့် အကျယ်တဝင့် ပြောကြားသွားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၁၅

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag သည် မေ ၁၁ ရက်တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ခန်းမသို့ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအားပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag လာရောက်တွေ့ဆုံစဉ်။**

(စွမ်းအင်)

## ယနေ့မိုးလေဝသ

၁၆-၅-၂၀၀၇

### နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# အိမ်ရှင်မများအတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ခြင်း ရက်တိုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၅

**ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အိမ်ရှင်မများအတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ခြင်း ရက်တိုသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပျိုးပင်များအား သင်တန်းသူများသို့လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးသို့ လည်းကောင်း ပေးအပ်သည်။

### အဆိုပြုလွှာလက်ခံ

ဆက်လက်၍ ဒေါ်မာမာဝေသည် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်ထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၅၀၀ ကို လက်ခံရယူသည်။

ထို့နောက် ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သင်တန်းနှင့်စပ်လျဉ်းသည့် အချက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် အသင်း၏ လှူပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မီးဖိုချောင်သုံးဆေးပင်များ အသုံးဝင်ပုံပြကွက် မှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

### ၅၁ ဦး တက်ရောက်

အဆိုပါ သင်တန်းကို မေ ၁၂ ရက်မှစ၍ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူဦးရေ ၅၁ ဦးတက်ရောက်အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လှည်းကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမြင့်သိန်း လှည်းကူးမြို့နယ်အတွင်းရှိကျေးရွာများမှ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ နမ္မတီးတံတား(ကံလှ)
၈:၃၀ ၉။ International News.
၈:၄၅ ၉။ HappyandEducational English Summer Course MRTV.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀ ၅။ သီချင်းကြီးပဒေသာ
၅:၁၅ ၆။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀ ၁၁။ Discovery
၇:၁၀ ၁၂။ အသွင်ပြောင်းဒီပလိုမေစီ၏ ဓာတ်ကောင်များကို အထူးသတိပြု (အပိုင်း-၂)
၇:၂၅ ၁၃။ **"အမှန်ချစ်မှ အချစ်မှန်" (ဖြိုးငွေစိုး၊ထက်ရှား၊ မေနန်းခေါင်) (ဒါရိုက်တာ-ကြည်စိုး)**
၇:၃၅ ၁၄။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဒုတိယမြောက် ခုံတန်းလျားလေးမှာ" (ဒွေး၊နန္ဒာလှိုင်) (ဒါရိုက်တာ-တာတီး)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

## အခြေခံစက်ချုပ်ပညာ သင်တန်းဖွင့်လှစ်

ဂန့်ဂေါ မေ ၉

ဂန့်ဂေါခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အခြေခံစက်ချုပ်ပညာသင်တန်း (၁/၂၀၀၇) ဖွင့်ပွဲကို မေ ၆ရက်က ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာ အဖွဲ့ရုံး၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်းက အမှာစကားပြောကြား၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ အမျိုးသမီးရေးရာအဖွဲ့ဝင် ၂၅ ဦး တက်ရောက်၍ သင်တန်းကာလ တစ်လဖြစ်ကြောင်း သိရသည်။ (၄၆၅)

# အင်္ဂလိပ်ဘာသာဆရာဖြစ်သင်တန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၅

STI Education ၏ အင်္ဂလိပ်စာပြောဆိုဆက်သွယ်မှုစွမ်းရည် Certificate in English Communication Skills(CECS) အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၁ ရက်တွင် STI သင်တန်းကျောင်းတည်ရှိရာ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၌ကျင်းပရာ တက်ရောက်လာကြသူများ၏ အင်္ဂလိပ်ဘာသာစွမ်းရည်ကို ဝါရင့်ပြည်ပ ဆရာ/ဆရာမများက ဖော်ထုတ်သင်ကြားပြသပေးကြသည်။ **(အောက်ပုံ)**

STI Education က မေ ၁၉ ရက် (စနေနေ့) ညနေ ၃ နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ၌ အင်္ဂလိပ်ဘာသာ ဆရာဖြစ်



သင်တန်း (Certificate in TEFL) နှင့် Diploma in TESOL အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

အင်္ဂလိပ်ဘာသာဆရာဖြစ်သင်တန်းများကို London Teacher Training College, UK မှ ဝါရင့် ဆရာ၊ ဆရာမများက ဆွေးနွေးပို့ချကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ၌ တစ်ဆက်တည်း သင်တန်းအောင်မြင်ပြီးမြောက်သူများအား ဒီပလိုမာအောင်လက်မှတ်များကို ချီးမြှင့်မည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် Inspiring your teaching career ခေါင်းစဉ်ဖြင့် ထူးခြားအောင်မြင်ထင်ရှားသည့် ဆရာတစ်ယောက်ဖြစ်လာရန် LTTC မှ သင်တန်းဆရာမ Ms. Natalia Talikowski က လည်းကောင်း၊ English Language Theory, Language Teaching Methodology, Linguistics & Language Teaching နှင့် Classroom Planning and Organization ကို LTTC မှသင်တန်းဆရာမ Ms. Monica Lim က လည်းကောင်း၊ How to teach Grammar, Vocabulary, Productive Skills, Receptive Skills, Pronunciation နှင့် Lesson Planning ကိုသင်တန်းဆရာ Mr. Raymond Russell က လည်းကောင်း အသီးသီး ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် Diploma in TESOL မှ သင်တန်းသူတစ်ဦးဖြစ်သည့် Ms. Murshida Yacoob က Teaching Young Learners ခေါင်းစဉ် ဖြင့် ပါဝင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး STI Education တည်ရှိရာအဆောင် (၇) အခန်း(၃)နှင့် အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက် အဆောက်အအုံ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ၊ ဖုန်း-၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂) တို့သို့ ဆက်သွယ်စာရင်းပေး သွင်းနိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



## လက်ခံရယူ

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဦးဟန်စိုး၊ ကမာကြည်တံတား ဆောက်လုပ်ရေးထံမှ ငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးခင်မောင်သန်း လက်ခံယူစဉ်။**

(က-ပ)

# တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ရေနံပင်ဧက ၁၀၀၀ စိုက်ခင်းကြည့်ရှု ပူတာအို–ဖုန်ကန်ရာဇီတောင်တက်ကားလမ်း ဖောက်လုပ်ပြီးစီးမှုစစ်ဆေး

နေပြည်တော် မေ ၁၅

**ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၄ ရက် မွန်းလွဲ ၂နာရီက ပူတာအိုမြို့သို့ ထွက်ခွာလာရာ ညနေ ၃နာရီတွင် ပူတာအိုလေဆိပ်သို့ရောက်ရှိရာ ပူတာအိုတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်စိုးနှင့် နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့မှူးများ၊ ခရိုင်/မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။**

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်အစားထိုး ရေနံပင်ဧက ၁၀၀၀ စိုက်ခင်းသို့သွားရောက်ကြည့်ရှုခဲ့ရာ လုပ်ငန်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား စိန်ကောင်းရတနာကုမ္ပဏီဒါရိုက်တာ ဦးထွန်းရင်က သစ်ဆီပင်(ရေနံပင်)များ စိုက်ပျိုးဆောင်ရွက်နိုင်မှုနှင့် နှစ်အလိုက်သတ်မှတ်စိုက်ပျိုး ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်စိန်က ရေနံပင်များ တိုးချဲ့စိုက်ပျိုးမည့်မြေနေရာ သတ်မှတ်စီစဉ်ဆောင်ရွက်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပူတာအိုခရိုင်အတွင်း ရေနံပင်ဖော်ထုတ်စိုက်ပျိုးမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် ရေနံပင်မှ ဆီနမူနာထုတ်ယူထားရှိမှုနှင့် ရေနံပင်မျိုးစေ့နှင့် ပျိုးပင်ပေါက်များကိုလည်းကောင်း၊ ရေနံပင်ဧက ၅၀ အောင်မြင်ဖြစ်ထွန်းမှုကိုလည်းကောင်း ကြည့်ရှုပြီး ရေနံပင်များ အမှတ်တရ စိုက်ပျိုးပေးခဲ့သည်။

**ဖြည့်ဆည်း**

ဆက်လက်၍ တိုင်းမှူးသည် စိန်ကောင်းရတနာစိုက်ပျိုးရေးခြံ ရေနံပင်ပျိုးဥယျာဉ်သို့လည်းကောင်း၊အလေ့ကျသဘာဝအလျောက် ရှင်သန် ပေါက်ရောက်နေသည့် ရေနံပင်များကို လည်းကောင်း၊ ပူတာအိုခရိုင်စိုက်ပျိုးရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပင် အစားထိုး ရေနံပင် ပျိုးဥယျာဉ်ခြံသို့လည်းကောင်း သွားရောက်ကြည့်ရှုရာ တိုင်းမှူးအား တာဝန်ရှိသူများမှ လိုက်လံရှင်းလင်းပြသခဲ့ပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ပူတာအိုမြို့ မပန်ကွင်းစိုက်ခင်း၌ ရေနံပင်စုပေါင်းစိုက်ပျိုးပွဲသို့ သွားရောက်ပြီး တိုင်းမှူးက ရေနံပင်အား အမှတ်တရ စိုက်ပျိုးခဲ့ကာ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအား ရေနံပင်မျိုးစေ့နှင့် ပျိုးပင်များပေးအပ်၍ ရေနံပင် ၁၅၀၀ ကို သတ်မှတ်နေရာများတွင် အသီးသီး စုပေါင်းစိုက်ပျိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှု**

ညနေ ၅ နာရီတွင် တိုင်းမှူးနှင့်အဖွဲ့သည်ပူတာအို–ဖုန်ကန်ရာဇီတောင်တက်ကားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မန္တလေးမြို့ပေါင်းမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေး မြေညီထပ် ဦးခင်မောင်သန်းနှင့် ဒေါ်သန်းသန်းတို့ ဦးဆောင်သော ဓမ္မမိတ်ဆွေများ စုပေါင်း၍ အလှူငွေကျပ် ၂၈၀၀၀၀ လှူဒါန်းရာ အမှုဆောင်ဦးတူးက လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။**

(က–ပ)



**သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Vu Mao နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။**

(သတင်းစဉ်)



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန်ပရိယတ္တိ စာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် ပြည်လမ်း(၈)မိုင် မရမ်းကုန်းနေ ဦးတင်စိုး–ဒေါ်မြနွယ်မိသားစုတို့က ကျပ်နှစ်သိန်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဝေဠုဝန်နိကာယ ဗဟို အကျိုးတော်ဆောင်ချုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့အား ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၅

**သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Vu Mao ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

တွေ့ဆုံရာသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ H.E. Mr. Vu Mao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ ရက်နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ တရားရုံးချုပ်အစည်းအဝေးခန်းမ(၁)(ပထမထပ်)၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးနှင့်အတူ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြား ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Vu Mao က နှုတ်ခွန်းဆက် စကားပြန်လည်ပြောကြားသည်။

**ဆွေးနွေး**

ယင်းနောက် တရားစီရင်ရေးလုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ထို့အပြင် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Vu Mao ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် မေ ၁၄ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ ရှေ့နေချုပ်ရုံးခွဲ အစည်းအဝေးခန်းမ၌ လာရောက် တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ ရှေ့နေချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိန်၊ ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးအလုံးမောင်တို့ တက်ရောက်ကြသည်။

ယင်းနောက် ဥပဒေပြုမှုဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့နေချုပ်ရုံးက လိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေကျင့်ထုံးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)




**ကွယ်လွန်သူဥပဒေပညာရှင်ဆရာကြီးများအား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်း(အမေ့အိမ်)နေ ဦးချစ်စိုးမြင့်–ဒေါ်လှလှမြင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းစဉ်။**

(က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၆–၅–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၀** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း–၁၈)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း–၂၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ မြန်မာအသင်း သုံးပွဲပြတ်ဖြင့်အနိုင်ရ

ရန်ကုန် မေ ၁၅

**မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်းတို့၏ချစ်ကြည်ရေး လက်ရည်စမ်းပွဲတတိယပွဲစဉ်ကို ယနေ့ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

ချစ်ကြည်ရေးပွဲတွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၅-၂၂မှတ်၊ ၂၅-၂၂မှတ်၊ ၂၅-၂၂မှတ်ဖြင့် သုံးပွဲ-ပွဲမရှိဖြင့်အနိုင်ရရှိသွားသည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာအမာခံကစားသမားအချို့ကို အနားပေးပြီး လူသစ်များကို ပွဲထုတ်ကစားသည်ကတစ်ကြောင်း၊ အိန္ဒိယတက္ကသိုလ်အသင်း တစ်ပွဲထက်တစ်ပွဲ လက်စွမ်း ပိုမိုပြလာနိုင်သည်က တစ်ကြောင်းတို့ကြောင့် အဖွဲ့ချုပ်လက်ရွေးစင်အသင်း အနိုင်ရသော်လည်း အမှတ်မပြတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းတွင် အသင်းခေါင်းဆောင် ရဲမင်းအောင်နှင့် စိုင်းညီလေးတို့ကို အနားပေးထားသော်လည်း ပထမပွဲငယ်တွင် ကျော်စိုးအောင်၊ ကျော်ရွှေ၊ စံရွှေမောင်၊ ကျော်ဇင်ဝင်းထွဋ်စသည့် အမာခံများကို ပွဲထုတ်ကာ အိန္ဒိယတက္ကသိုလ်ကို ယှဉ်ပြိုင်ခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ပွဲအစတွင် ငါးမှတ်အပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ရိုက်ခုတ်ချက်များမပြတ်သားခြင်း၊ ပင့်ထောင်သူနှင့်ရိုက်ခုတ်သူတို့ နားလည်မှုလွဲနေခြင်းတို့ကြောင့် ရသင့်သည့်အမှတ်များဆုံးရှုံးကာ ၂၅-၂၂မှတ်ဖြင့်သာအနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲငယ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်း အမှားများခဲ့ပြီး အိန္ဒိယတက္ကသိုလ်အသင်းကပင် နှစ်မှတ်၊ သုံးမှတ်၊ လေးမှတ်အသာတို့ဖြင့် အကြိမ်ကြိမ်ဦးဆောင်နိုင်ခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ ပင့်ထောင်သူ နေလင်းအောင် အပျက်များခဲ့သည်။ ပွဲငယ်ပြီးခါနီးကျမှ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ လက်ပြန်မှန်ရပြီး နောက်မှလိုက်ကစားကာ ၂၅-၂၂မှတ်ဖြင့် ထပ်မံအနိုင်ရရှိသွားခြင်း ဖြစ်သည်။ တတိယပွဲငယ်တွင် အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် ဗွန်လဆန်းတွင် ဘာရိန်းနိုင်ငံ၌ ကျင်းပမည့် အာရှကလပ်ဘော်လီဘောပြိုင်ပွဲဝင်မည့် လက်ရွေးစင်အသင်းမှ ကျော်ဇင်ဝင်းထွဋ်နှင့် ရဲရင့်ထွန်းတို့နှစ်ဦးသာ ပါဝင်လာပြီး လူသစ်အများအပြားကို ပွဲထုတ်ကစားခဲ့သည်။ ယင်းပွဲငယ်တွင် နှစ်သင်းစလုံး လက်ရည်တူယှဉ်ပြိုင်နိုင်ခဲ့ပြီး အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ဦးဆောင်မှတ်များ ရယူနိုင်ခဲ့သည်။ အိန္ဒိယတက္ကသိုလ်အသင်း နောက်မှထက်ကြပ်မကွာလိုက်သော်လည်း အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ၂၅-၂၂ မှတ်ဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သည်။

ချစ်ကြည်ရေး လက်ရည်စမ်းပွဲ စတုတ္ထပွဲစဉ်ကို မေ ၁၇ရက်၌အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)



**အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်း၏ ရိုက်ချက်ကို မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ ဇော်လင်းဦး ဆယ်မနေစဉ်။**

(ကြေးမုံ)

# ပြည်နယ်နှင့်တိုင်းဘတ်စကက်ဘောပြိုင်ပွဲ ယနေ့အုပ်စုနောက်ဆုံးပွဲများယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၅**

၂၀၀၇ခုနှစ် တတိယအကြိမ်မြောက် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်းဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပွဲစဉ်တွင် အမျိုးသားပြိုင်ပွဲ၌ ရှမ်း/တောင်က ကရင်ကို (၆၄-၄၉)မှတ်၊ မန္တလေးက ရခိုင်ကို (၆၀-၉)မှတ်၊ ရန်ကုန်က ဧရာဝတီကို (၅၉-၃၄)မှတ်တို့ဖြင့် အသီးသီး အနိုင်ရရှိသွားကြသည်။ ယနေ့ပွဲစဉ်များအပြီးတွင်အမျိုးသားပြိုင်ပွဲ(က)အုပ်စု၌ ရန်ကုန်တိုင်းက သုံးပွဲကစား၊ သုံးပွဲနိုင်၊ ရှမ်း(တောင်)က လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ ဧရာဝတီတိုင်းက သုံးပွဲကစားတစ်ပွဲနိုင်၊နှစ်ပွဲရှုံး၊ ကရင်ပြည်နယ်က သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ ကယားပြည်နယ်ကသုံးပွဲကစား၊ သုံးပွဲရှုံး၊ (ခ)အုပ်စုတွင် စစ်ကိုင်းတိုင်းက တစ်ပွဲကစား၊ တစ်ပွဲနိုင်၊ ပဲခူးတိုင်းကတစ်ပွဲကစား၊ တစ်ပွဲနိုင်၊ မန္တလေးတိုင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ရခိုင်ပြည်နယ်ကနှစ်ပွဲကစားနှစ်ပွဲရှုံးရလဒ်များထွက်ပေါ်ထားသည်။

မေ ၁၆ ရက် နံနက်၈နာရီတွင် အုပ်စုနောက်ဆုံးပွဲစဉ်များကို ကျင်းပမည်ဖြစ်သည်။

**ယနေ့ပွဲ**

ရန်ကုန်-ကယား
စစ်ကိုင်း-မန္တလေး
ဧရာဝတီ-ကရင်
ပဲခူး-ရခိုင်။

(ကြေးမုံ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၁၆-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် | ၁၀း၃၀ | မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးရေး |
| ၇း၀၅ | အလှူမတတ်ဒုက္ခထပ် တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) | ၁၀း၄၀ | တေးဂီတအစီအစဉ် |
| | | ၁၀း၄၅ | တတိယအကြိမ်မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ |
| | | ၁၁း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၇း၅၀ | Midweek Sports News | ၁၁း၁၀ | MRTV-4 စာအုပ်စင်ကဏ္ဍ [သံအမတ်ကြီးဦးလှမောင် (ဘောဂ)နှင့် တွေ့ဆုံခြင်း] |
| ၈း၀၅ | တေးဂီတအစီအစဉ် | | |
| ၈း၁၀ | သျှိုသျှားမြေမှစပျစ်ချို | ၁၂း၀၀ | တေးဂီတအစီအစဉ် |
| ၈း၄၀ | တေးဂီတအစီအစဉ် | ၁၂း၀၅ | မြန်မာ့အကအခြေခံ ကဗျာလွတ်ကဟန် (အမျိုးသမီးကဗျာလွတ်) |
| ၈း၄၅ | International Video Topics (တိမ်မြုပ်နေသောကမ္ဘာ) | | |
| | | ၁၂း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၅ | တေးဂီတအစီအစဉ် | ၁၂း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | ပြည်တွင်းသတင်းအကျဉ်း | ၁၂း၃၀ | မြစ်သာတံတား |
| ၉း၄၀ | ခြေထောက်သွေးလွှတ်ကြောကျဉ်းရောဂါ(အပိုင်း-၁) (ဒေါက်တာမောင်မောင်အေး) | ၁၂း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| | | ၁၂း၄၅ | တေးဂီတအစီအစဉ် |
| | | ၁၂း၅၀ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း) |
| ၁၀း၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း | | |
| ၁၀း၂၅ | နိုင်ငံတကာသတင်းအကျဉ်း | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



**ပန်းဘဲတန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင် မေ ၁၄ ရက်က မြို့နယ်အတွင်း ရေစီးရေလာ ကောင်းမွန် စေ ရန် ရေနုတ် မြောင်းများ သန့်ရှင်းရေး ဆောင်ရွက်နေ မှု များ ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဗိုလ်ဆွန်ပက်လမ်း (အလယ်)လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ကော်မတီဝင်ဦးလှဝေတို့က သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။**

(၁၉)

# လေပြင်းတိုက်ခတ်မှုကြောင့် ဟသ်ာတမြို့နယ်၌ တဲအိမ်အချို့ အမိုးများ လန်သွားခဲ့

**ရန်ကုန် မေ ၁၅**

ယမန်နေ့ နံနက် ၈ နာရီတွင် လေပြင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်း ဟသ်ာတမြို့နယ် မရမ်းချိုကျေးရွာအုပ်စု အလယ်ရွာကျေးရွာ၌ တဲအိမ် ၁၂ လုံး အမိုးများ လန်သွားခဲ့ပြီး ကျေးရွာတွဲဖက် အထက်တန်းကျောင်းမှ စာသင်ဆောင် တစ်ဆောင်ပြိုကျခဲ့ကြောင်း၊ အဆိုပါကျောင်း စာသင်ဆောင်တစ်ဆောင်လည်း အမိုးများ လန်သွားခဲ့ကြောင်း သိရသည်။

**သတိပေးချက်များ ကြည့်ရှုနားဆင်**

လေဘေးသင့်သူများအား တာဝန်ရှိသူများက ဆန်၊ အသုံးအဆောင်ပစ္စည်းများနှင့် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် မုန်တိုင်းကျရောက်မှု သတိပေးချက်များကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှ ကြိုတင်ကြေညာသတိပေးလျက်ရှိရာ ကြည့်ရှုနားဆင်ပြီး လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကြေးမုံ အင် တာ နက် အား က စား သ တင်း

# ဆမ်အယ်လာဒိုက်စ် နယူးကာဆယ်မန်နေဂျာဖြစ်လာ

**လန်ဒန် မေ ၁၅**

နယူးကာဆယ်ယူနိုက်တက်အသင်းသည် ဘော်လ်တန်အသင်း၏ မန်နေဂျာဟောင်း ဆမ်အယ်လာဒိုက်စ်အား မန်နေဂျာအသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက်၅၂နှစ်အရွယ်ရှိ အယ်လာဒိုက်စ်သည် သုံးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို နယူးကာဆယ်အသင်းနှင့် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

နယူးကာဆယ်ယူနိုက်တက်အသင်းသည် လက်ရှိဘောလုံးရာသီနှင့် အကြီးကျယ်ဆုံးသော အောင်မြင်မှုကို မရရှိခဲ့သော်လည်း လာမည့် ဘောလုံးရာသီတွင် ထိပ်တန်းမှ ရပ်တည်နိုင်ရန် မိမိကြိုးပမ်းသွားမည်ဖြစ်ကြောင်း အယ်လာဒိုက်စ်က ပြောကြားသည်။

အယ်လာဒိုက်စ်သည် ဘော်လ်တန်အသင်း၏ မန်နေဂျာအဖြစ် ရှစ်နှစ်ကြာ တာဝန်ယူခဲ့မှုမှာ ဧပြီလတွင် အဆုံးသတ်ခဲ့သည်။ ***အင်တာနက်။***

# လီဗာပူးအသင်းတွင် စတီဗင်ဂျရတ် ဆက်လက်ရှိမည်

**လီဗာပူး မေ ၁၅**

မိမိသည် အနာဂတ်ကာလတွင် မိမိ၏ဘောလုံးသမားဘဝကို လီဗာပူးအသင်း၌သာ မြှုပ်နှံလိုသည်ဟု စတီဗင်ဂျရတ်က ယနေ့ပြောကြားသည်။

လီဗာပူးအသင်းခေါင်းဆောင်နှင့် အင်္ဂလန်ကွင်းလယ်ကစားသမားဖြစ်သူ ဂျရတ်သည် လက်ရှိကန်ထရိုက်စာချုပ်အရ ယင်းအသင်းတွင်နောက်ထပ်နှစ်နှစ် ဆက်လက်ကစားခွင့်ရှိနေသည်။

လီဗာပူးအသင်းတွင် ၂၀၁၂ခုနှစ်အထိဆက်လက်ကစားခွင့်ရရှိရေးအတွက် မိမိနှင့်လီဗာပူးအသင်းတို့ ဆွေးနွေးလျက်ရှိရာတွင် တိုးတက်မှုများရှိကြောင်း မကြာမီသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ရကြောင်း အသက် (၂၆)နှစ်ရှိ ဂျရတ်က ပြောကြားသည်။

မိမိ၏ လီဗာပူးအသင်းသည် ပရီမီယာလိဂ်ချန်ပီယံဆုဖလားရရှိရေးအတွက် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိဘောလုံးရာသီမှာ မိမိတို့အသင်းအတွက် အကောင်းဆုံးအနေအထားသို့ မရောက်ခဲ့ကြောင်း ဂျရတ်က ပြောကြားသည်။ ***အင်တာနက်။***

# နောက်တန်းလူ အလန်စတပ် အဲဗာတန်အသင်းတွင် သက်တမ်းတိုး

**လီဗာပူး မေ ၁၅**

မိမိသည် ဂွတ်ဒီဆန်ပါ့ခ်ဘောလုံးကွင်းတွင် နောက်ထပ်တစ်နှစ်ဆက်လက်ကစားရန် ကန်ထရိုက်စာချုပ်သက်တမ်းတိုးလိုက်ပြီဖြစ်ကြောင်း အဲဗာတန်အသင်းမှ နောက်တန်းလူ အလန်စတပ်က ယနေ့ပြောကြားသည်။

အသက် ၃၅နှစ်အရွယ်ရှိစတပ်သည် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲသို့ အတန်းဆင်းခဲ့ရသော ဆန်းဒါးလန်းအသင်းတွင် ခြောက်လကြာကစားခဲ့ပြီးနောက် ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် အဲဗာတန်အသင်းသို့ ပြန်လည်ရောက်ရှိလာခဲ့သူဖြစ်သည်။

မိမိသည် အဲဗာတန်အသင်းတွင် ဆက်လက်ကစားခွင့်ရရှိခြင်းအတွက် ဝမ်းမြောက်မိကြောင်း၊ အသက်၃၅နှစ်အရွယ်ရောက်ချိန်တိုင်အောင် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင်ကစားခွင့်ရသည်မှာ အခွင့်အလမ်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

# နည်းပြအဖြစ်မှ ဖယ်ရှားခံရမှု စတုအတ်ပါစီဝေဖန်

**မန်ချက်စတာ မေ ၁၅**

မန်ချက်စတာစီးတီးအသင်း၏ နည်းပြအဖြစ်မှ မိမိဖယ်ရှားခံခဲ့ရသည့် အကြောင်းတရားကို မိမိသိရှိနားလည်မိကြောင်း၊ သို့ရာတွင် အသင်းရန်ပုံငွေချို့တဲ့မှုကြောင့် အသင်းတိုးတက်ရာ တိုးတက်ကြောင်း လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ကြောင်း စတုအတ်ပါစီက ယနေ့ ပြောကြားသည်။

အင်္ဂလန်နောက်တန်းလူဟောင်း ပါစီသည် မန်ချက်စတာစီးတီးအသင်းတွင် အသင်းနည်းပြအဖြစ် နှစ်နှစ်ကျော် တာဝန်ယူခဲ့သူဖြစ်သည်။

၂၀၀၅ ခုနှစ် မတ်လမှစ၍ မန်စီးတီးအသင်းကို မိမိတာဝန်ယူခဲ့ရသော်လည်း ရန်ပုံငွေအလုံအလောက် သုံးစွဲခွင့်မရခဲ့ကြောင်း၊ မိမိထက်ပိုတော်သည့် နည်းပြကီဗင်ကီးဂန်း လက်ထက်ကမူ ပေါင်ငွေ သန်း ၅၀ ခန့်အထိ သုံးစွဲခွင့်ရခဲ့ကြောင်း ပါစီက ပြောကြားသည်။ ***အင်တာနက်။***

## နှစ်(၉၀)ပြည့်မွေးနေ့ဆုတောင်း

ပခုက္ကူဦးအုံးဖေ စာပေဆု အလှူရှင် ဦးလေးအုံး (ပခုက္ကူ ဦးအုံးဖေ) ၏ **၁၅–၅–၂၀၀၇ ရက်**တွင် ကျရောက်သော **နှစ်(၉၀)ပြည့်** မွေးနေ့မှသည် အသက်ရာကျော်တိုင် လူမှုရေး၊ ကျန်းမာ ရေး၊ စာပေဖွံ့ဖြိုးရေး အလှူဒါနများကို ကျန်းမာ ပျော်ရွှင်စွာ ဆက်လက်သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန် ကောင်းတောင်းပါသည်။

**ဦးသိန်းခိုင်ဦး–ဒေါ်မြသီတာမိသားစု၊ ပခုက္ကူမြို့**

## မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ ရိပ်သာတွင် ၁၀–၅–၂၀၀၇ (ကြာသပတေးနေ့)တွင် ကျင်းပ ပြုလုပ်ခဲ့သော **ဗိုလ်ဖြိုးဝေအောင်နှင့် မရတနာ** တို့၏ မင်္ဂလာဦးဆွမ်းကျွေးပွဲအား အဘက်ဘက်မှ စောင့်ရှောက် ချီးမြှင့်ပေးခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုးတို့နှင့်တကွ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်ဖွဲ့ဝင်များ၊ စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုး မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်ဗိုလ်ဖြိုးဝေအောင်–မရတနာ**

## မွေးနေ့ဆုတောင်း

**အချစ်ဆုံးသားကြီး သတိုးသီဟ**

**၁၆–၅–၂၀၀၇ ရက်**တွင် ကျရောက်သော သားကြီး၏ **(၁၆) နှစ်ပြည့်**မွေးနေ့မှသည် နောင်နှစ်တစ်ရာတိုင် ချစ်သောဖေကြီး၊ မေကြီး၊ ညီမလေးတို့နှင့်အတူ သာယာချမ်းမြေ့သော ဘဝကလေး တစ်ခုကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါ သည်။

**ချစ်သောဖေကြီး** – **ဦးလေးနိုင်ထွန်း** Representative of Petroserve Shipping
**ချစ်သောမေကြီး** – **ဒေါ်အေးအေးမြင့်မောင် (အလယ်တန်းပြ–ငြိမ်း)**
**ချစ်ညီမလေး** – **သတိုးရတနာ** VII B **ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း**

## မော်နီတာအပျက်ဝယ်သည်

ကွန်ပျူတာ (မော်နီတာ)အပျက်များ အိမ်တိုင် ရာရောက် ဝယ်ယူလိုပါသည်။

**ဆက်သွယ်ရန်–ဖုန်း–၅၂၆၈၉၈**

## အာစရိယပူဇော်ပွဲ

**ရန်ကုန်တက္ကသိုလ်အားကစားသမားဟောင်းများ**

ရန်ကုန်တက္ကသိုလ်မှ အားကစားလုပ်ငန်းရပ်များတွင် ဦးစီး ဦးဆောင်ပြုခဲ့ကြသော ဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို မကြာမီကျင်းပနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမည့် အစည်းအဝေး ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက် ကြပါရန် ကြေညာအပ်ပါသည်–

**အစည်းအဝေးကျင်းပမည့် နေ့ရက်– ၂၆–၅–၂၀၀၇(စနေနေ့)**
**အစည်းအဝေးကျင်းပမည့် အချိန် – ၁၃း၀၀ နာရီ**
**အစည်းအဝေးကျင်းပမည့် နေရာ – စိန်လျှံစားသောက်ဆိုင်၊ ဆရာစံလမ်းမ–ဗဟန်း**

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ရန်ကုန်တက္ကသိုလ် အားကစားသမားဟောင်းများ ဆက်သွယ်ရန်**

**ဖုန်းနံပါတ်များ–**

| | | |
|---|---|---|
| ဦးဟန်ထွန်းမောင် | – | ၅၄၈၄၈၂၊ ၀၉၅၁၄၃၁၄၂ |
| ဦးမောင်မောင် | – | ၅၆၂၂၀၇၊ ၀၉၅၂၅၁၂၀၇ |
| ဦးရဲထွဋ်တင် | – | ၅၇၇၃၆၆၊ ၀၉၅၀၁၅၅၆၁ |
| ဦးစောဦး | – | ၅၆၃၆၇၅ |
| ဦးညီညီလွင် | – | ၅၄၉၁၆၄ |
| ဦးကျော်ခင် | – | ၂၅၃၇၂၉ |

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပြည်လမ်း၊
အမှတ်(၁၁၃၉)နေ ဦးမြင့်အောင်–ဒေါ်ခင်ကြွယ်တို့၏သား

**မောင်အောင်စိုးလင်း** B.Sc(Chemistry)
**(မြို့နယ်မြေစာရင်းဦးစီးဌာန၊ မှော်ဘီမြို့)**

နှင့်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကန်သာယာလမ်း၊
အမှတ်(၁၃၉)နေ (ဦးစိန်လင်း)(ငွေစာရင်းကိုင်အုပ်၊
ဆောက်လုပ်ရေး–ငြိမ်း)–ဒေါ်သောင်းတင်တို့၏သမီး၊
ဒုတကတေဇာလင်းခိုင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှော်ဘီ)–
မနန်းယုနွယ်တို့၏အစ်မ

**မသင်းယုခိုင် (ခ) သဲသဲ** B.A (Hons:), M.A (English)
**(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်)**

တို့၏ ၅–၅–၂၀၀၇ ရက် (စနေနေ့)တွင် စိမ်းလဲ့ကန်သာ မင်္ဂလာဥယျာဉ်၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကြွရောက် ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်မောင်အောင်စိုးလင်း–မသင်းယုခိုင်**

**ZYP** MOBILE PHONE SALES & SERVICES
JUNCTION–8 SHOPPING CENTRE
WAIZAYANTAR SHOPPING CENTRE
Tel:01-650771-3 Ext:142, 573600-3, 573598 Ext:104

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒေါက်တာဦးခင်မောင်ဝင်း–ဒေါ်ခင်ဆွေသိန်းတို့၏သား

**မောင်ဝင်းမင်းသိန်း 2 nd Mate (F.G) G.M.S LINE TOKYO, JAPAN**
**LIZ STAR ENTERPRISE Co., Ltd.**

**နှင့်**

ရန်ကုန်မြို့နေ
ဦးမျိုးဝင်း–ဒေါ်ခင်မူတို့၏တစ်ဦးတည်းသောသမီး

**မနွေးနွေးမျိုး B.Med. Tech (Physiotherapy) Callidora , I.H.B.C**

တို့၏ ၁၃–၅–၂၀၀၇ ရက်တွင် Hotel Nikko Royal Lake ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲ တွင် ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၏ ဇနီး ဗိုလ်မှူးဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ မြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်အားလည်းကောင်း၊ ၁၀–၅–၂၀၀၇ ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဦးဇေယျာညီညီလတ်အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်း ကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မနော်တင်အေးလွင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေခလာစံ၊ သတို့သားအရံ ကိုအောင်ကျော်စိုး၊ သတို့သမီးအရံ ဒေါက်တာခိုင်ဇာလှမြင့်၊ မင်္ဂလာအခါတော်ပေး သီချင်းဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မသဇင် (A.M.T Fashion)၊ မင်္ဂလာလက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးသော မသီရိမွန်မွန် (Golden Bell Jewellary)၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် အေးဝင်းအောင်၊ ပန်းအလှဆင်မစန်းစန်းဦး၊ ဗီဒီယို၊ ဓာတ်ပုံနှင့် မှတ်တမ်းတင်ပေးသော Ah Kai နှင့် အဖွဲ့၊ Hotel Nikko မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဝင်းမင်းသိန်း–မနွေးနွေးမျိုး**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

လှည်းကူးမြို့နေ
ဦးမြစိန်–ဒေါ်ခင်နှင်းဝေတို့၏သား

**ဒေါက်တာမောင်မောင်မြင့် M.B.,B.S,M.Med.Sc(Internal Medicine)**
**တာချီလိတ်ဆေးရုံ**

နှင့်

ရန်ကုန်မြို့နေ
ဒေါက်တာစိန်ဝင်း(တွဲဖက်ပါမောက္ခ၊ ခွဲစိတ်ဆရာဝန်ကြီး၊ UNIMAS)–ဒေါ်ဖြူဖြူဝင်းတို့၏သမီး

**ဒေါက်တာမမယဉ်မင်းပန်း M.B.,B.S**
**ကျောက်တန်းဆေးရုံ**

တို့၏ ၁၀–၅–၂၀၀၇ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တွဲဖက်တိုင်း တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုး ပေးကြသော ဦးတင့်ဆွေ (စီမံကိန်းဒါရိုက်တာ၊ ငြိမ်း၊ မြန်မာ့ဂုန်လျှော်)နှင့် ကိုသန်းဦးတို့အား လည်းကောင်း၊ ၁၂–၅–၂၀၀၇ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံ ပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဒေါက်တာဦးထွန်းဖေ (ဂုဏ်ထူးဆောင်၊ အကြံပေး)၊ ဆေးသုတေသန၊ အောက်မြန်မာပြည်နှင့် ပါမောက္ခသမားတော်ကြီး ဒေါက်တာဒေါ်စန်းမြ၊ မင်္ဂလာ လက်ထပ်လက်စွပ်ဆင်မြန်းပေးသော ပါမောက္ခ ဒေါက်တာဦးအောင်မြင့် (ခွဲစိတ်ကုဆရာဝန်ကြီး) နှင့် ပါမောက္ခဒေါက်တာဒေါ်ခင်မွန် (သားဖွားမီးယပ်ဆရာဝန်ကြီး)တို့အားလည်းကောင်း၊ အခမ်း အနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မမြသီတာစိန်ဝင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင် ပေးသောမအင်ကြင်းခင်၊ မင်္ဂလာပန်းကုံးဗန်းနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မနှင်းစန္ဒီဦး နှင့် မမေမြတ်နိုး၊ မင်္ဂလာသတို့သားအရံ မောင်ပြည်စုံနှင့် မောင်ကျော်ဇ၊ မင်္ဂလာသတို့သမီးအရံ မသဲစုဝေနှင့် မလဲ့ရည်ချို၊ မင်္ဂလာဖိတ်စာနှင့် မင်္ဂလာလက်ကမ်းပန်းများ လက်ဖွဲ့ချီးမြှင့်ပေးသော ဦးထွန်းမောင်ငြိမ်းနှင့် ဇနီး ဒေါ်မေပုလဲ (Pearl Gift & Florist)၊ မင်္ဂလာ လက်ဝတ်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးသော ကိုထွေးနှင့် ဇနီး မအေးအေးမွန် (ပုလဲဧကရီ) ဗိုလ်ချုပ်ဈေး၊ မင်္ဂလာ ဝတ်စုံဖန်တီးပေးသော အန်တီငွေးနှင့် အန်တီအေး၊ ဓာတ်ပုံဗွီဒီယိုဖြင့် မှတ်တမ်းတင်ပေးသော အကိုင်းနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော မထိုက်၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော မိတ်ကပ် စိုးစိုးနှင့်အဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော သူငယ်ချင်းများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာမောင်မောင်မြင့်–ဒေါက်တာမမယဉ်မင်းပန်း**

## ပေးအပ်



**ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာတွင် အသက် (၁၀)နှစ်ပြည့်နှင့် အသက် (၁၈) နှစ်ပြည့်ပြီးသူ ၁၉၀ တို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ဧပြီ ၂၉ ရက်က နေ့ချင်းပြီး ထုတ်ပေးရာ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကြံရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။**

(သတင်းစဉ်)

## ဆင္ဓမအကြိမ် ရွှေညဝါအောင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက်အတွင်း၌ ဖွင့်လှစ် ပို့ချသင်ကြားလျက်ရှိသော ဆင္ဓမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ်သင်တန်း အောင်ပွဲအခမ်းအနားနှင့် ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာပွဲကြီး ကို ပူးတွဲကာ ဇွန် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆင်ယင်ကျင်းပသွားမည် ဖြစ်ရာ သံဃာ့ဥသျှောင် ဆရာတော်ကြီးများ အမှူးပြုသော ရွှေညဝါ သံဃာတော် အပါး ၁၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ အလှူရှင်အသီးသီးတို့က ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဆွမ်းဆန်စိမ်းများလောင်း လှူခြင်း သံဃာ့ပူဇာမင်္ဂလာပွဲကို ကျင်းပမည်ဖြစ်ရာ အလှူရှင်များ လာရောက်လောင်းလှူနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

**ရန်ကုန်မြို့ (၈)လမ်း လမ်းမတော်မြို့နယ်နှင့် သုနန္ဒာ (၄) လမ်း သုမင်္ဂလာအိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေ ကျေးဇူးရှင်မိဘ နှစ်ပါးဖြစ်သော ဦးခင်လှိုင် (M.I.C ရော်ဘာစက်)–ဒေါ်ခင်မြင့် တို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှင့် ကျေးဇူးရှင်ဖခင်ကြီး ဦးခင်လှိုင်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့ အထိမ်းအမှတ် အဖြစ် သား၊ သမီး၊ မြေးများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှင့် သီလရှင်သင် ပညာရေးကျောင်း ၁၃ ကျောင်းတို့အား ငွေကျပ် ၁၀၀၈၀၀ စီဖြင့် လှူဒါန်းခဲ့ရာ ဦးမြင့်ထွေး၊ ဒေါ်ဝင်းဝင်းမြင့်၊ မောင်ဟိန်းမြင့်အောင်၊ မောင်ဉာဏ်မြင့်အောင် မိသားစုက လှူဒါန်း ငွေများအား ဆက်ကပ်လှူဒါန်းစဉ်။**

(ကြေးမုံ)



# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် အော်တိုအိတ်ချိန်းအဆောက်အအုံမြေနေရာကြည့်ရှု ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဖြည့်ဆည်းပေး

နေပြည်တော် မေ ၁၅

**ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်တွင် စာတိုက်၊ ကြေးနန်း၊ အော်တိုအိတ်ချိန်း အဆောက်အအုံသစ် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း တည်ဆောက်ပြီးစီးရန် မှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိလာရာ တာဝန်ခံအင်ဂျင်နီယာက ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားရှိမှု၊လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြရာ ဝန်ကြီးက ဆက်သွယ်ရေးပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန်နှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လမ်းများဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းရှိ Teleport အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိလာရာ တည်ဆောက်ရေးတာဝန်ခံများက တည်ဆောက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရန်များကိုတင်ပြကြရာ ဝန်ကြီးက Teleportအဆောက်အအုံအတွင်း ဖွဲ့စည်းတည်ဆောက်မှု၊ အတွင်းပိုင်း ပစ္စည်းများတပ်ဆင်ရန် ဆောင်ရွက်ထားရှိမှုများကို အသေးစိတ် စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် တည်ဆောက်ရေးစီမံကိန်းအတွင်းရှိ Incubation Center များ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုတင်ပြရာ ဝန်ကြီးက သတ်မှတ်ချိန်အတွင်းပြီးစီးရေးမှာကြားပြီး တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ အရည်အသွေး ထိန်းသိမ်းရေး ကော်မတီဝင်များ၊ လုပ်ငန်းတန်ဖိုးစိစစ်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံရာ ကော်မတီဝင်များက ရေရရှိရေးဆိုင်ရာများ၊ အဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာများ၊ လမ်းဖောက်လုပ်ရေး ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းများအရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် မိတ္ထီလာမြို့ အော်တိုအိတ်ချိန်းနှင့် ပျော်ဘွယ်မြို့ အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် ၁/၂၀၀၇တွင် တက်ရောက်နေသော သင်တန်းသားများ၏ သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ဘဏ္ဍာ/အခွန်)



# ဘဏ်လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်ရန်လိုရသင့်ရထိုက်သည့် အခွန်အခများ ပြည့်ဝမှန်ကန်စွာရရှိရေး ဆောင်ရွက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းနှင့်အခွန်လုပ်ငန်းများစစ်ဆေး

နေပြည်တော် မေ ၁၅

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်က ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ်(၁/၂၀၀၇) သို့ တက်ရောက်နေသော သင်တန်းသားများ၏ သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် သင်တန်းနည်းပြတို့က တစ်နိုင်ငံလုံးရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှ ဝန်ထမ်းများအား စုစည်း၍ ကွန်ပျူတာ အသုံးချဘဏ်လုပ်ငန်းဆိုင်ရာ သင်ကြားပို့ချနေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဌာနများ၏လုပ်ငန်းစွမ်းဆောင်ရည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန် ယခုကဲ့သို့ အခြေခံကွန်ပျူတာ သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း သင်တန်းတွင် ပို့ချမည့် နည်းပညာများကို ပိုင်နိုင်စွာ နားလည် သဘောပေါက်သည် အထိလေ့လာသင်ယူပြီးလက်တွေ့ လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချနိုင်စေရန် ကြိုးစားသွား**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၅–၅–၂၀၀၇

| | | |
|---|---|---|
| ကျောက်ဖြူ | ၈ဒသမ | ၁၇လက်မ |
| မင်းတပ် | ၅ဒသမ | ၉၄လက်မ |
| ဟားခါး | ၅ဒသမ | ၅၅လက်မ |
| ကလေးဝ | ၄ဒသမ | ၀၉လက်မ |
| မင်းကင်း | ၄ဒသမ | ၁၂လက်မ |
| ကလေး | ၃ဒသမ | ၉၄လက်မ |
| မော်လိုက် | ၃ဒသမ | ၈၆လက်မ |
| ဖလမ်း | ၃ဒသမ | ၃၁လက်မ |
| အမ်း | ၃ဒသမ | ၀၃လက်မ |
| ထားဝယ် | ၂ဒသမ | ၅၆လက်မ |
| ဘားအံ | ၂ဒသမ | ၅၂လက်မ |
| ရွှေကျင် | ၂ဒသမ | ၄၈လက်မ |
| မောင်တော | ၂ဒသမ | ၄၁လက်မ |

## ဆောင်းပါးအညွှန်း

***"အရှေ့တောင်အာရှ နိုင်ငံများကမူ ဆီးတိုးကဲ့သို့သော ဒေသပြင်ပမှ စိုးမိုးခြယ်လှယ်သည့် စစ်အုပ်စုမျိုးကို စိတ်မဝင်စားကြ၊ လက်မခံကြပေ။ မိမိတို့ဒေသ ကောင်းကျိုးကို စုပေါင်းအကောင်အထည်ဖော်ရန် အာဆီယံကိုသာ အလေးထား ဖွဲ့စည်း အားဖြည့်ခဲ့ကြပေသည်။"***

တက္ကသိုလ်မြတ်သူ၏ **"အာဆီယံ ပဋိညာဉ်စာတမ်း သို့မဟုတ် အာဆီယံ စည်းလုံးညီညွတ်မှု မဏ္ဍိုင်"** (ဆောင်းပါး) စာမျက်နှာ ၆–၇

## အကာ့ရှ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း အားပျော့

**နေပြည်တော် မေ ၁၅**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အကာ့ရှ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်အရှေ့ယွန်းယွန်းသို့ ရွေ့လျားခဲ့ကာ ယနေ့နံနက်စောစောပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တို့အကြားမှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိနေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင်နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)